ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားညီညွတ်ရေးအစိုးရ
# ကာကွယ်ရေးဝန်ကြီးဌာန
# ပြည်သူ့ကာကွယ်ရေးကဏ္ဍ အခြေပြ
# (State of People’s Defense)



# အမျိုးသားညီညွတ်ရေးအစိုးရ
# ကာကွယ်ရေးဝန်ကြီးဌာန
# ပြည်သူ့ကာကွယ်ရေးကဏ္ဍ အခြေပြ
# (State of People's Defense)

မာတိကာ

ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဉယျောဇဉ်


| အခန်း | အမည် | စာမျက်နှာ |
|---|---|---|
| ၁ | မြန်မာ့နိုင်ငံရေးပြဿနာနှင့် ကျွန်ုပ်တို့၏ မျှော်ရည်ချက် | ၂ |
| ၂ | ၂၀၂၁ ခုနှစ်မှာ စစ်တပ်က ဘာကြောင့် အာဏာသိမ်းသလဲ | ၆ |
| ၃ | ပြည်သူ့နွေဦးတော်လှန်ရေး | ၁၇ |
| ၄ | ခုခံတွန်းလှန်စစ် (လက်နက်ကိုင်တိုက်ပွဲ) နည်းနာကို ဘာကြောင့် ရွေးချယ်ခဲ့ရသလဲ | ၂၈ |
| ၅ | ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) | ၃၄ |
| ၆ | ပြည်သူ့တော်လှန်ရေး၏ လက်ရှိအခြေအနေ၊ လိုအပ်ချက်နှင့် အလားအလာ | ၄၆ |

# ကာကွယ်ရေးဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီး၏ ဥယျောဇဉ်

၁။ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ဖွဲ့စည်းတည်ထောင်ခြင်း (၂) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဤစာတမ်းကို ထုတ်ဝေခြင်း ဖြစ်ပါသည်။

၂။ PDF တပ်မတော်သည် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးများမှ တပ်မတော်များကဲ့သို့ပင် နိုင်ငံရေး ကင်းရှင်းရမည်ဖြစ်သော်လည်း မိမိတို့နိုင်ငံ၏ နိုင်ငံရေးသမိုင်းကို မှန်ကန်စွာ သိရှိနားလည်ဖို့ လိုအပ်ပါသည်။

၃။ မိမိတို့ နိုင်ငံ၏ နိုင်ငံရေးသမိုင်းကို သိရှိနားလည်မှသာလျှင် လက်ရှိပြည်သူ့တော်လှန်ရေးကြီးနှင့် ခုခံတွန်းလှန်စစ်ကို ဆင်နွှဲနေရသည့် အကြောင်းရင်းများကို ကျေလည်စွာ နားလည်သဘောပေါက်ကြမည်ဖြစ်သည်။

၄။ PDF တပ်မတော်၏ အသက်သွေးကြောမှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ ပြည်သူ့ထောက်ခံမှုပင်ဖြစ်သည်။ ပြည်သူလူထု၏ စိတ်ဆန္ဒနှင့် ပါဝင်မှုမရှိဘဲ ဤပြည်သူ့တော်လှန်ရေးသည် ဖြစ်မလာနိုင်ပါ။ ပြည်သူ့တော်လှန်ရေးနှင့် ပြည်သူ့ထောက်ခံမှုမရှိပါက PDF တပ်မတော်သည် ရပ်တည်နိုင်မည် မဟုတ်ပါ။

၅။ ပြည်သူကြားက ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်သည်နှင့်အညီ PDF တပ်မတော်သည် ပြည်သူလူထုကို ကာကွယ်ရန်၊ စောင့်ရှောက်ရန်၊ ရိုသေရန် ဖြစ်သည်။

၆။ ပြည်သူနှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်တို့ အတူလက်တွဲပူးပေါင်းကာ "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု" တည်းဟူသော အဆုံးသတ်ပန်းတိုင်အထိ ဆက်လက်ချီတက်သွားကြရန်၊ မဆုတ်မနစ် တိုက်ပွဲဝင်သွားကြရန်ပင် ဖြစ်ပါသည်။

ရည်မွန်
ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

## အခန်း (၁)
## မြန်မာ့နိုင်ငံရေးပြဿနာနှင့် ကျွန်ုပ်တို့၏ မျှော်ရည်ချက်



ဤအခန်းတွင် လက်ရှိမြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အကြောင်းခြင်းရာများကို အကျိုးအကြောင်း ခွဲခြမ်းစိတ်ဖြာ၍ လေ့လာဆန်းစစ်ထားပါသည်။ ထိုသို့ သုံးသပ်လေ့လာရာတွင်-

(က) ပြဿနာ၏ အကြောင်းခံရေသောက်မြစ်များ (Root Causes of Problem)

(ခ) နောက်ဆက်တွဲ အကျိုးဆက်များ (Effects)

(ဂ) မျှော်ရည်ချက် (Vision)

(ဃ) ဦးတည်ချက် (Mission) စသည်တို့ကို ဆွေးနွေးတင်ပြထားပါသည်။

ယနေ့ မြန်မာနိုင်ငံ၌ တိုင်းသူပြည်သားအားလုံး၏ သာယာဝပြောရေး၊ ငြိမ်းချမ်းရေး၊ လူသားအခွင့်အရေးနှင့် လုံခြုံမှုရရှိရေး စသည့် လူ့အဖွဲ့အစည်းတရပ်၏ အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံး လိုအပ်ချက်များ လုံးဝကင်းမဲ့လျက်ရှိပါသည်။ လွတ်လပ်ရေး မတိုင်မီခေတ်က အာရှတိုက်တွင် ထိပ်တန်းအဆင့်ဖြစ်ခဲ့ဖူးသော မြန်မာနိုင်ငံသည် အဘယ့်ကြောင့် ယခုကဲ့သို့ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ၊ အရှည်ကြာဆုံး လက်နက်ကိုင်ပြည်တွင်း ပဋိပက္ခဖြစ်နေသော နိုင်ငံတခုသို့ ကျဆင်းရောက်ရှိသွားရသနည်း။ ဤမေးခွန်းကို အချုပ်အားဖြင့် "နိုင်ငံရေးပြဿနာ" ကြောင့်ဟု ဖြေဆိုနိုင်မည်ဖြစ်သည်။

လွတ်လပ်ပြီးခေတ် (၇၅) နှစ်နီးပါးထိ မပြေလည်နိုင်သေးသော မြန်မာ့နိုင်ငံရေး၏ ပြဿနာအရင်းအမြစ် (၂) သွယ် (Root Causes of Problems) ကို အောက်ပါအတိုင်း သတ္တုချ၊ ရှုမြင်နိုင်ပါသည်-

(က) ဒီမိုကရေစီဆိတ်သုဉ်းမှု ပြဿနာ

(ခ) အမျိုးသားတန်းတူရေး မရှိမှု (ဝါ) တိုင်းရင်းသားတန်းတူရေး မရှိမှု (ဝါ) ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်မှု ပြဿနာ

ဤအရင်းခံပြဿနာ (၂) ရပ်သည် တခုနှင့်တခုလည်း အပြန်အလှန် ဆက်စပ်နေကြကာ ၎င်းတို့မှတဆင့် အခြားသော ပြဿနာအကြောင်းခံများစွာလည်း ဆင့်ပွားပေါ်ပေါက်လာခဲ့တော့သည်။

ဤအရင်းခံပြဿနာများကို အကြောင်းပြုကာ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားလာတော့သည်။ အပြန့်ကျယ်၊ အချိန်ကြာလှစွာသော ပြည်တွင်းစစ်ကို အကြောင်းပြုကာ စစ်ဘောင်ကျယ်ပြန့်လာသည်နှင့်အမျှ ဒီမိုကရေစီဘောင်မှာ ကျဉ်းသထက် ကျဉ်းမြောင်းလာလေတော့သည်။ ထို့နောက် အရပ်ဖက်နိုင်ငံရေးတွင် နက်ရှိုင်းစွာ ပါဝင်လာခဲ့သည့် မြန်မာစစ်တပ် (တပ်မတော်) သည် နိုင်ငံတော်အာဏာကို နည်းလမ်းမျိုးစုံဖြင့် အမြဲ

ရယူထိန်းချုပ်ရာမှ နောက်ဆက်တွဲပြဿနာများသည် ပိုမိုများပြားရှုတ်ထွေးလာသည်။ ထိုမှသည် နောက်ဆုံးတွင် လူမှုစီးပွား အထွေထွေ အောက်ကျနောက်ကျ ဖြစ်ရသည့် "ကျရှုံးနိုင်ငံ (Failed State)" တခုနီးပါး အခြေအနေသို့ အကျိုးဆက် (Effects) အဖြစ် ဆိုက်ရောက်ခဲ့ရခြင်းဖြစ်သည်။

နိုင်ငံရေးတွင် အစဉ်တစိုက် ဗိုလ်ကျစိုးမိုး ချုပ်ခြယ်နိုင်ရေးကိုသာ ဦးတည်သော မြန်မာ စစ်တပ် (တပ်မတော်) ၏ လာရာဇာစ်မြစ်နှင့် ၎င်းတို့ ယခုအချိန်ထိ စွဲကိုင်ထားသော နိုင်ငံရေးအယူဝါဒမှာ "ဖက်ဆစ် လက်ယာအစွန်းရောက်ဝါဒ" ပင်ဖြစ်သည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံတွင် ဘာသာရေး လူမျိုးရေး အစွန်းရောက်များ၊ ရှေးရိုးစွဲ တယူသန်ဝါဒီများ၊ နိုင်ငံခြား လူမျိုးခြား ဘာသာခြား မုန်းတီးရေး အစွန်းရောက်မျိုးချစ်ဝါဒီများသည် စစ်တပ်နှင့် အသွေးအမွေးတူ မိတ်ဖက်များအဖြစ် နိုင်ငံရေးအရ အတူရပ်တည်ကြလေ့ ရှိသည်။ စစ်တပ်ဦးဆောင်သော ဤ လက်ယာအစွန်းရောက်ဝါဒီများသည် လက်ရှိ မြန်မာ့နိုင်ငံရေး အထွေထွေအကျပ်အတည်း၏ ပင်မလက်သည် တရားခံများဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံကို ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တရပ်အဖြစ် ကမ္ဘာ့ အလယ် ဝင့်ထည်ခိုင်မာစွာ ရပ်တည်နိုင်ရေးမှာ ကျွန်ုပ်တို့ ပြည်သူပြည်သားများနှင့်အတူ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) ၏ မျှော်ရည် ချက်ဖြစ်သည်။ ယခု နှစ်ပေါင်း (၇၅)နှစ် နီးပါး ဖြတ်သန်းလာသော သမိုင်းအရ ဖော်ပြပါ ဝိသေသများနှင့် ပြီးပြည့်စုံသော နိုင်ငံတော်တရပ်ဖြစ်ရေးမှာ မြန်မာနိုင်ငံကို စစ်မှန်သော ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီဝါဒကို လိုက်နာကျင့်သုံးသည့် နိုင်ငံတော်အဖြစ် တည်ဆောက်မှသာ ရရှိနိုင်မည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် လေးနက်စွာ ယုံကြည်ပါသည်။ ထို့ကြောင့်ပင် ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်၊ အစိတ်အပိုင်း (၁)၊ အခန်း (၄) တွင် ရှင်းလင်းစွာ ဖော်ပြထားသော **"လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု"** သည် ပြည်သူလူထုတရပ်လုံးနှင့် မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရ

(NUG) ၏ အနာဂတ်မျှော်ရည်ချက် (Vision) ပင် ဖြစ်သည်။

အထက်ပါ အနာဂတ်ပြည်ထောင်စု မျှော်ရည်ချက်သို့ အမြန်ဆုံး ရောက်ရှိစေရေး အတွက် ပြည်သူပြည်သားများနှင့်အတူ မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ကြိုးပမ်းရာတွင်လည်း ဦးတည်ချက် (Missions) များအဖြစ် အောက်ပါတို့ကို ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်၊ အစိတ်အပိုင်း (၁)၊ အခန်း (၁) တွင် ဖော်ညွှန်း၊ ချမှတ်ထားပြီးဖြစ်ပါသည်။

(က) စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေး၊

(ခ) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ် ဖျက်သိမ်းရေး၊

(ဂ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး၊

(ဃ) အရပ်သား ပြည်သူ့အစိုးရ ပေါ်ထွန်းရေး။

ဤကဲ့သို့ သတ်မှတ်ထားသော မျှော်ရည်ချက်များ၊ ဦးတည်ချက်များကို အောင်မြင်စွာ ရောက်ရှိစေရေးအတွက် “အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ” အဆင့် (၁၂) ရပ်ကိုလည်း ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၊ အစိတ်အပိုင်း (၁)၊ အခန်း (၃) တွင် ရှင်းလင်းတိကျစွာ သတ်မှတ်ဖော်ပြထားပြီးဖြစ်၍ ၎င်းလမ်းပြမြေပုံနှင့်အညီ ပြည်သူ့တော်လှန်ရေးကို ဆက်လက်ဆင်နွှဲလျက်ရှိပါသည်။

# အခန်း (၂)
# ၂၀၂၁ ခုနှစ်မှာ စစ်တပ်က ဘာကြောင့် အာဏာသိမ်းသလဲ




လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းမှု လေးကြိမ်ဖြစ်ပေါ်ခဲ့ပါသည်။ ၎င်းတို့မှာ -

(က) ၁၉၅၈ ခုနှစ် စစ်အာဏာသိမ်းမှု

(ခ) ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းမှု

(ဂ) ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းမှု

(ဃ) ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှု တို့ဖြစ်ကြသည်။

ဤကဲ့သို့ လူသိရှင်ကြား အာဏာသိမ်းမှုများအပြင် မအောင်မြင်လိုက်သော အာဏာသိမ်းရန်ကြံစည်မှုများမှာ ၁၉၅၈ ခုနှစ် မတိုင်ခင်ကတည်းက ရှိနေခဲ့ပါသည်။ ဤအခန်းတွင် စစ်တပ်သည် ဤကဲ့သို့ အာဏာသိမ်းမှုများကို အဘယ့်ကြောင့် အကြိမ်ကြိမ် ကျူးလွန်နေသနည်း၊ အထူးသဖြင့် ၂၀၂၁ စစ်အာဏာသိမ်းမှု၏

အကြောင်းခံမှာ အဘယ်နည်းဆိုသည်ကို လေ့လာဆန်းစစ်ထားပါသည်။

စစ်အာဏာသိမ်းမှုများအကြောင်းမတိုင်မီ ယနေ့မြန်မာစစ်တပ် စတင်ပေါ်ပေါက်လာပုံနှင့် လာရာဇာစ်မြစ်ကို စတင် ဆွေးနွေးလိုပါသည်။ လွတ်လပ်ပြီးခေတ် မြန်မာစစ်တပ်၏ အစပြုသန္ဓေမှာ ဒုတိယကမ္ဘာစစ်အတွင်းကာလ ဖက်ဆစ်စနစ်ကို လက်ခံကျင့်သုံးနေသော ဂျပန်နိုင်ငံ၌ စစ်ပညာသင်ယူခဲ့သော "ရဲဘော်သုံးကျိပ်" ဖြစ်ကြောင်း အားလုံးက သိရှိလက်ခံကြပါသည်။ ၎င်းရဲဘော်သုံးကျိပ်ဝင်များကို လာရာမိခင်အဖွဲ့အစည်းအလိုက် ခွဲခြားကြည့်ပါက အောက်ပါအတိုင်း အုပ်စု (၃) စု ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည် -

(က) သခင်ကိုယ်တော်မှိုင်းအုပ်စု ဒို့ဗမာအစည်းအရုံးဝင်များ

(ခ) သခင်ဗစိန်-သခင်ထွန်းအုပ် အုပ်စု ဒို့ဗမာအစည်းအရုံးဝင်များ

(ဂ) တက္ကသိုလ် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များ

ရဲဘော်သုံးကျိပ်ဝင်များအနက် သခင်အောင်ဆန်း (ဗိုလ်တေဇ)၊ သခင်လှဖေ (ဗိုလ်လက်ျာ) စသူတို့သည် သခင်ကိုယ်တော်မှိုင်းအုပ်စု ဒို့ဗမာအစည်းအရုံးဝင်များဖြစ်၍ ကိုရှုမောင် (ဗိုလ်နေဝင်း)၊ သခင်အောင်သန်း (ဗိုလ်စကြာ) စသူတို့သည် သခင်ဗစိန်-သခင်ထွန်းအုပ် အုပ်စု ဒို့ဗမာအစည်းအရုံးဝင်များဖြစ်သည်။ ၎င်းရဲဘော်သုံးကျိပ်ဝင်များသည်ပင် ဒုတိယကမ္ဘာစစ် အတွင်းကာလနှင့် လွတ်လပ်ပြီးခေတ်တွင် "မြန်မာ့တပ်မတော်" ၏ ထိပ်တန်း ခေါင်းဆောင်များ ဖြစ်လာကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်တွင် ထိပ်ဆုံးခေါင်းဆောင်လည်းဖြစ်သလို လွတ်လပ်ရေးတိုက်ပွဲအတွင်း (BIA, BDA, BNA, PBF) စသည့် နာမည်မျိုးစုံပြောင်းလဲခဲ့သော မြန်မာ့တပ်မတော်၏ ထိပ်ဆုံးခေါင်းဆောင်လည်းဖြစ်၍ "တပ်မတော်၏ ဖခင်" အဖြစ် မှတ်ယူကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လက်နက်ကိုင်တပ်ကို အရပ်ဖက်နိုင်ငံရေးမှ ကင်းရှင်းစွာ နေစေရေး၊ ဘက်မလိုက်ဘဲ သမာသမတ်ကျသည့် "Professional" တပ်မတော်ဖြစ်စေရေး ဆန္ဒရှိသူဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီး အင်္ဂလိပ်လက်အောက်မှ အပြီးအပြတ် လွတ်လပ်ရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ရာတွင် စစ်တပ်နှင့် အရပ်ဖက်နိုင်ငံရေးကို မရောယှက်စေရေး အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် သူကိုယ်တိုင် တပ်မတော်မှ နုတ်ထွက်အနားယူ၍ "ဦးအောင်ဆန်း" အဖြစ် ခံယူခဲ့ခြင်းမှာ စံနမူနာကောင်းတရပ်ပင်ဖြစ်သည်။ ဗိုလ်ချုပ် အောင်ဆန်းသည် သူမရှိတော့သည့် မြန်မာ့တပ်မတော်ကို ဆက်လက်ဦးဆောင်ရန် အတွက် သူယုံကြည်လေးစား၍ တက္ကသိုလ် ကျောင်းသားဘဝကတည်းက လုပ်ဖော်ကိုင်ဖက်တဦးဖြစ်သော စွဲမြဲသည့် ဒီမိုကရေစီဝါဒီ ဗိုလ်လက်ျာ (သခင်လှဖေ) ကို တာဝန်ပေးခဲ့ကြောင်း သိရပါသည်။

သို့သော် အကြောင်းကြောင်းသော အကြောင်းများကြောင့် လွတ်လပ်ရေးရပြီး မကြာ ခင် ၁၉၄၉ ခုတွင် ဗိုလ်နေဝင်း (ကိုရှုမောင်) သည် မြန်မာ့တပ်မတော်၏ ထိပ်ဆုံး ခေါင်းဆောင် (စစ်ဦးစီးချုပ်) ဖြစ်သွားသည်။ ဤသည်ပင် မြန်မာနိုင်ငံနှင့် မြန်မာ့ တပ်မတော်အတွက် ကြီးမားသည့် ကံဆိုးမိုးမှောင်ကျခြင်းပင် ဖြစ်တော့သည်။ မူလက သခင်ဗစိန်-သခင်ထွန်းအုပ် ဂိုဏ်းဝင် ဗိုလ်နေဝင်းသည် ပုဂ္ဂိုလ်ရေးရည်မှန်းချက် ကြီးသော၊ ရက်စက်သော၊ ဉာဏ်နီ ဉာဏ်နက် ပရိယာယ်များသည့် အစွန်းရောက် အမျိုးသားရေးနှင့် ဖက်ဆစ်အကြမ်းဖက်ဝါဒီ ဖြစ်သည်။ ဗိုလ်နေဝင်းသည် အခြား သော ရဲဘော်သုံးကျိပ်ဝင် အများစုကဲ့သို့ ပြောင်မြောက် သည့် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများ၊ ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူလည်း လုံးဝမဟုတ်ချေ။ ဤသို့ဖြင့် မြန်မာစစ်တပ်သည် ဗိုလ်နေဝင်း၏လက်အောက်တွင် တလက် ကိုင်၊ ခါးပိုက်ဆောင်တပ်အဖြစ်သို့ တဖြည်းဖြည်း ဖြစ်မှန်းမသိ ဖြစ်သွားလေ တော့သည်။ ဗိုလ်နေဝင်းမှအစပြုကာ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာစစ်တပ်ခေါင်းဆောင် အဆက်ဆက်၏အမြင်တွင် စစ်တပ်သည် နိုင်ငံ၏ကယ်တင်ရှင်၊ ကျေးဇူးရှင်၊ စောင့်ရှောက် သူ၊ ကြီးစိုးသူဟူသော (Guardianship Ideology and Military Supremacy) သဘောထားရှိကြသည်။ စစ်တပ်အတွင်း ထိုအယူအဆသည် လွတ်လပ်ရေး မတိုင်မီ "ဗမာ့လွတ်လပ်ရေးတပ်မတော်" (Burma Independence

Army – BIA) ခေတ်က ပင် စတင်သန္ဓေတည်ခဲ့သည်။ စတင်ပေါက်ဖွားလာချိန်မှစ၍ မြန်မာစစ်တပ်တွင်း၌ တသွေး၊ တသံ၊ တမိန့်၊ လက်ယာစွန်း ဖက်ဆစ်ဝါဒ များစွာ အားကောင်းခဲ့သည်။ ထို့အပြင် နိုင်ငံ့အာဏာကို လူမျိုးကြီး ဘာသာကြီးတခုကသာ ကြီးစိုးချုပ်ကိုင်လိုခြင်း၊ လူနည်းစုများကို လက်မခံ၊ အသိအမှတ်မပြုလိုခြင်း၊ တန်းတူ အခွင့်အရေး မပေးလိုခြင်း စသည့် သဘောထား များသည် မြန်မာစစ်တပ် ခေါင်းဆောင်များအတွင်း စွဲမြဲစွာ တည်ရှိနေသည်။

ဆိုရလျှင် ခေတ်အဆက်ဆက် မြန်မာစစ်တပ်ခေါင်းဆောင်များအနေဖြင့် မတူကွဲပြား မှုကို လက်ခံသည့် ဗဟုဝါဒနှင့် ဒီမိုကရေစီဝါဒတို့ကို အစစ်အမှန် နှစ်သက်သဘောကျ ခြင်း မရှိ သည်မှာ လွန်စွာသိသာထင်ရှားလှသည်။ ထို့အတူ လူမျိုးကြီးဝါဒီ စစ်တပ် ခေါင်းဆောင်များ သည် တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံ သည့် ဖက်ဒရယ်စနစ်ကို တူးတူးခါးခါး မုန်းတီးလေ့ရှိသည်။ မြန်မာစစ်တပ် ခေါင်းဆောင်များအနေဖြင့် ရင်ထဲအသည်း ထဲက လက်ခံယုံကြည်ကြသည်မှာ "စစ်တပ် ထာဝရ ဗိုလ်ကျကြီးစိုးရေးဝါဒ" နှင့် "လက်ယာ အစွန်းရောက် ဖက်ဆစ်ဝါဒ" တို့သာဖြစ်သည်။ မြန်မာစစ်အုပ်စု တည်ဆောက်လိုသော နိုင်ငံ မှာ အာဏာကို စစ် အုပ်စုနှင့် ၎င်းတို့၏ လက်ဝေခံများကသာ ထာဝရ ရယူထားသော အလုံးစုံ အာဏာရှင်စနစ်မျိုးဖြစ်သည်။

## ၁၉၅၈ ခုနှစ် စစ်အာဏာသိမ်းမှု

ခရစ်သက္ကရာဇ် ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် အင်္ဂလိပ် လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးမရခင် လအတန်ကြာကပင် ကနဦး အစပျိုးနေပြီဖြစ်သော ပြည်တွင်းစစ်မီးသည် လွတ်လပ်ရေးရပြီးနောက် လပိုင်းအတွင်း တနိုင်ငံလုံးသို့ အရှိန်အဟုန်ကောင်းစွာ ပျံ့နှံ့တောက်လောင်သွား တော့သည်။ ထိုသို့ ပြည်တွင်းစစ် အပြန့်ကျယ်လာသည်နှင့်အမျှ အာဏာရ ဖဆပလ အစိုးရသည် စစ်ဦးစီးချုပ် ဗိုလ်နေဝင်း ဦးဆောင်သည့် မြန်မာစစ်တပ်အပေါ် ပို၍

အားကိုး အရေးပေး၊ မှီခိုလာရတော့ သည်။ တနည်းဆိုရသော် အရပ်ဖက်ဒီမိုကရေစီ ဘောင် ကျဉ်းသထက်ကျဉ်းလာ၍ စစ်ဘောင် ကျယ်လာသည့် အခြေအနေဖြစ်သည်။ ပြည်တွင်းစစ်ကို အကြောင်းပြု၍ ဗိုလ်နေဝင်း စစ်တပ်သည် တဖြည်းဖြည်း ဩဇာပို ကြီးမားလာသလို စစ်အင်အားလည်း ပိုကြီးလာ တော့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုတွင် အမျိုးသားရှေ့ဆောင် တပ်ဦးအဖွဲ့ကြီးဖြစ်သလို ပြည်သူလူထု ထောက်ခံမှု အများဆုံးရရှိထားသော အာဏာရ ဖဆပလအဖွဲ့ကြီးသည် ၁၉၅၈ ခုနှစ်တွင် နှစ်ခြမ်းကွဲခဲ့သည်။ ဦးနု၊ သခင်တင်တို့ ဦးဆောင်သည့် နု-တင် အခြမ်းကို သန့်ရှင်း-ဖဆပလ ဟုခေါ်၍ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့၏ ဆွေ-ငြိမ်း အခြမ်းကို တည်မြဲ-ဖဆပလ ဟု ခေါ်ကြ သည်။ ရွေးကောက်ခံ အာဏာရနိုင်ငံရေး ပါတီကြီးဖြစ်သော ဖဆပလ အကွဲအပြဲနှင့် ၎င်း၏ ဩဇာတိက္ကမ ကျဆင်းလာခြင်း သည် အချိန်အခါကို စောင့်ဆိုင်းနေသော ဗိုလ်နေဝင်း စစ်တပ်အတွက် အခွင့်အလမ်း ကောင်းတရပ်ပင်ဖြစ်သည်။

ဤကဲ့သို့ ပြည်တွင်းစစ် အပြန့်ကျယ်လာသည်နှင့်အမျှ ဩဇာအာဏာနှင့် အဖက်ဖက် က အင်အားကြီးမားလာနေသော ဗိုလ်နေဝင်းစစ်တပ်၏ အခြေအနေ အလားအလာကို ဝန်ကြီးချုပ် ဦးနုသည် ဖဆပလ နှစ်ခြမ်းကွဲပြီးနောက်တွင် ပိုမို စိုးရိမ်လာပြီ ဖြစ်သည်။ ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်တို့အပါအဝင် စစ်တပ် ခေါင်းဆောင် ပိုင်း အများစုသည် လွတ်လပ်ရေးတိုက်ပွဲကာလအတွင်းက ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ဦးဆောင်သော ဆိုရှယ်လစ်ပါတီဝင်ဟောင်းများဖြစ်ကြသလို ၎င်းတို့ အချင်းချင်း များစွာ ရင်းနှီးကျွမ်းဝင်ကြသည်။ ထို့ပြင် စစ်တပ်ခေါင်းဆောင်ပိုင်းအချို့နှင့် ဆွေ -ငြိမ်း ဆိုရှယ်လစ်အုပ်စုဝင်အချို့မှာ ဆွေမျိုးနီးစပ်လည်း တော်စပ်ကြသည်။

ဤသို့သော အခြေအနေကို သဘောပေါက်လာသည့် ဦးနုသည် ဖဆပလ ကွဲပြီး နောက်တွင် ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ပို၍ အားစိုက် ကြိုးစားလာသည်။ ဝန်ကြီးချုပ် ဦးနု၏ သန့်ရှင်း-ဖဆပလ အစိုးရသည် ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်နိုင် ရေးအတွက် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း

များအပေါ် ပို၍ မက်လုံးပေး လိုက်လျောညီနိုင်းခဲ့သည်။ ဝန်ကြီးချုပ် ဦးနုက ပြည်တွင်းစစ်အတွင်း အပြန်အလှန် ကျူးလွန် ခဲ့သမျှအပေါ် အာဃာတ မထားရေးနှင့် သင်ပုန်းချေရေး၊ အချင်းချင်း ပူးပေါင်း ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ လက်နက်ကိုင်တိုက်ပွဲမှသည် မြေပေါ် နိုင်ငံရေး နှင့် လူထုတိုက်ပွဲသို့ အသွင်ပြောင်းလဲ လာကြရေးတို့အတွက် စည်းရုံးလှုံ့ဆော်ခဲ့သည်။ ထိုသို့ ဦးနုအစိုးရ၏ ပြည်တွင်းငြိမ်းချမ်း ရေး ဆောင်ရွက်ချက်များအပေါ် မြေပေါ် လက်ဝဲနိုင်ငံရေး ပါတီကြီးဖြစ်သော ပမညတ ကလည်း အပြည့်အဝထောက်ခံပြီး အစွမ်းကုန် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။

ဤသို့သော ဦးနုအစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများ ရလဒ်အဖြစ် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းအချို့ (ဥပမာ- ပြည်သူ့ရဲဘော်၊ မွန်ညီညွတ်ရေးတပ်ဦး) သည် အဖွဲ့ လုံးကျွတ် လက်နက်စွန့်ကာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည်။ အခြား သော လက်နက်ကိုင်အဖွဲ့များစွာမှ လူအင်အားများစွာလည်း ဥပဒေဘောင် အတွင်း ရောက် လာကြသည်။ ဤသို့ဖြင့် ပြည်တွင်းစစ်ကနဦးကာလ (၁၉၄၉-၅၀) ခုနှစ် အချိန်က အစိုးရကို တော်လှန်ပုန်ကန်နေသော တနိုင်ငံလုံးရှိ လက်နက်ကိုင်လူအင်အား ၄၅,၅၀၀ ကျော် ရှိခဲ့ရာမှ ၁၉၅၈ နှစ်လယ်တွင် အင်အား ၇,၅၀၀ ခန့်သာ ကျန်ရှိ တော့သည်။

ဤကဲ့သို့ တနိုင်ငံလုံးတွင် သိသာထင်ရှားစွာ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးဖြစ်ထွန်း မှုနှင့် အလားအလာများ၊ ပြည်သူလူထု၏ ငြိမ်းချမ်းရေးအပေါ် လိုလားထောက်ခံမှုများ အပေါ် ဗိုလ်နေဝင်းစစ်တပ်သည် လွန်စွာ စိုးရိမ်ပူပန်လာတော့သည်။ နိုင်ငံတွင်း အမှန် တကယ် ငြိမ်းချမ်းရေးအပြည့်အဝ ရရှိသွားပါက ၎င်းတို့စစ်တပ်၏ ကြီးမားကျယ်ပြန့်လာ သော အခန်း ကဏ္ဍနှင့် လက်ရှိရနေသည့် အခွင့်ထူးခံ အခြေအနေများ ဆုတ်လျော့သွား တော့မည်ကို လုံးဝ မလိုလားပေ။ စစ်တပ်အနေဖြင့် စစ်မှန်သည့် ပြည်တွင်းငြိမ်းချမ်းရေး ကို လုံးဝ အလိုမရှိသည်မှာ သိသာထင်ရှားလှသည်။

ထို့နောက် ၁၉၅၈ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်နေဝင်းစစ်တပ်သည် လက်နက်အားကိုး ဖြင့် ဖိအားပေးအကျပ်ကိုင်ကာ ဦးနု သန့်ရှင်း-ဖဆပလ အစိုးရထံမှ နိုင်ငံတော်အာဏာ ကို အဓမ္မ သိမ်းပိုက်ရယူခဲ့တော့သည်။

## ၁၉၆၂ စစ်အာဏာသိမ်းမှု

ခရစ်သက္ကရာဇ် ၁၉၆၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဦးနု ဦးဆောင်သော သန့်ရှင်း-ဖဆပလမှ အမည်ပြောင်း ပြည်ထောင်စု (ပထစ) ပါတီသည် အပြတ်အသတ် အနိုင်ရရှိခဲ့ သည်။ ထို့ကြောင့် ဦးနု၏ ပထစအစိုးရသည် နိုင်ငံတော်အာဏာကို ဗိုလ်နေဝင်း အိမ်စောင့် အစိုးရထံမှ ပြန်လည်လွှဲပြောင်း ရရှိခဲ့သည်။ သို့သော် ဗိုလ်နေဝင်းစစ်တပ် အနေဖြင့် တိုင်းပြည်အာဏာကို ၎င်းတို့သာ အစဉ်ထာဝရ ချုပ်ကိုင်လိုသော လောဘဇော မှာ အမြစ် တွယ်နေပြီဖြစ်သလို အပြီးအပိုင် အာဏာသိမ်းရန်အတွက် လျှို့ဝှက် ကြံစည် နေကြပြီလည်း ဖြစ်သည်။

ဦးနု၏ ပထစအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၇) ကို လိုအပ်သလို ပြင်ဆင်မွမ်းမံ ရေးအတွက် “အခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီ” ကို လွှတ်တော်မှ ၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့သည်။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်သလိုပြင်ဆင်ရန်အတွက် တိုင်းရင်းသားလူမျိုးများကလည်း အားတက်သရော ဆွေးနွေးတိုင်ပင်ညှိနှိုင်းကြသည်။ ထို့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားပေါင်းစုံ၊ နိုင်ငံရေးအဖွဲ့အစည်း ပေါင်းစုံတို့က ဆွေးနွေးခဲ့ကြရာတွင် “တောင်ကြီးမြို့ ပြည်နယ်ပေါင်းစုံ ညီလာခံကြီး” မှာ အထူးထင်ရှားသည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဖက်ဒရယ်အရေးတို့ အတွက် ရန်ကုန်မြို့ ပြည်လမ်း၊ အသံလွှင့်ရုံကြီးတွင်လည်း အာဏာရ ပြည်ထောင်စုပါတီ နှင့်အတူ ပါတီပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံတို့က တိုင်ပင်ဆွေးနွေးခဲ့သည်။

ဤကဲ့သို့ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် များစွာ တိုးတက်လမ်းပွင့်လာသည်ကို ဗိုလ်နေဝင်းစစ်တပ်အနေဖြင့် လုံးဝ မနှစ်မြို့ပေ။ ထို့ကြောင့်ပင် ဖက်ဒရယ်စနစ်ကို ပြည်ထောင်စုပြိုကွဲရေးဝါဒဟု အဓိပ္ပါယ်မဲ့စွာ လုပ်ကြံ စွပ်စွဲပြီးဗိုလ်နေဝင်း စစ်တပ်သည် ၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့တွင်နိုင်ငံတော်အာဏာကို လက်နက် အားကိုးဖြင့် ဒုတိယအကြိမ်မြောက် အဓမ္မ သိမ်းယူခဲ့တော့သည်။

## ၁၉၈၈ ခု စစ်အာဏာသိမ်းမှု

ဗိုလ်နေဝင်းစစ်တပ်သည် ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းကတည်းက နိုင်ငံတော်အာဏာကို အစဉ်ထာဝရ သိမ်းပိုက်ထားရန်သာ ပြင်ဆင် ဆောင်ရွက်တော့သည်။ တော်လှန်ရေးကောင်စီဟု အမည်ပေးထားသော ဗိုလ်နေဝင်းဦးဆောင်သည့် စစ်ကောင်စီသည် နိုင်ငံတော် ၏ အာဏာပိုင်အဖွဲ့ဖြစ်လာကာ စစ်အာဏာရှင်စနစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည်။ ထို့နောက် ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းပြီး မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) အမည်ခံ တပါတီအာဏာရှင်စနစ်ကို ပုံဖော်ခဲ့သည်။ မဆလပါတီခေါင်းဆောင်များမှာလည်း ဗိုလ်နေဝင်းဦးဆောင်သည့် စစ်ခေါင်းဆောင်များပင် ဖြစ်လေသည်။

ဤကဲ့သို့ အာဏာရှင်အုပ်ချုပ်မှုစနစ်ဆိုး၏ ရလဒ်အဖြစ် မြန်မာနိုင်ငံသည် လူမှုစီးပွားအဘက်ဘက်မှ နိမ့်ကျယိုယွင်းလာလေတော့သည်။ ခရစ် ၁၉၆၂ ခု၊ စစ်အာဏာမသိမ်းမီက အရှေ့တောင်အာရှတွင် လူမှုစီးပွားအရာ၌ ထိပ်တန်းအဆင့်ဖြစ်ခဲ့သော မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ (LDC) စာရင်းဝင်နိုင်ငံအဖြစ် ယုတ်လျော့ ကျဆင်း သွားသည်။

ထို့သို့ အထွေထွေအကျပ်အတည်း ဆိုက်ရောက်လာသော မြန်မာပြည်သူတို့သည် ဒီမိုကရေစီ ရေး၊ လူ့အခွင့်အရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တန်းတူညီမျှရေးတို့ကို တောင်းဆို တိုက်ပွဲဝင်သည့် ၁၉၈၈ ခုနှစ် (၈၈၈၈) လူထုတိုက်ပွဲ အရေးတော်ပုံကြီးကို ဆင်နွှဲခဲ့ကြသည်။

ပြည်သူလူထု၏ အင်အားနှင့် လှုပ်ရှားမှုကြီးကို စိုးရွံ့ထိတ်လန့်လာသော ဗိုလ်နေဝင်း မဆလ အာဏာရှင်များသည် တိုင်းပြည်နှင့်လူထုအပေါ် တပတ်ရိုက်၍ ထွက်ပေါက်ရှာရန် ကြိုးပမ်း ကြသည်။ ခရစ် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် ဗိုလ်နေဝင်း မဆလ အာဏာရှင်ကြီးများ သည် ၎င်းတို့တပည့်များဖြစ်သော ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့် စသည့် စစ်တပ်ခေါင်းဆောင်များနှင့် လက်ဝါးရိုက်ကာ အာဏာကို စစ်တပ်ထံသို့ လွှဲပြောင်း ပေးအပ် ခဲ့တော့သည်။

## ၂၀၂၁ ခု စစ်အာဏာသိမ်းမှု

ခေတ်အဆက်ဆက် တိုင်းရင်းသားပြည်သူလူထု၏ ဒီမိုကရေစီရေး၊ ဖက်ဒရယ်ရေး၊ တန်းတူရေးတို့အပေါ်ပြင်းထန်သော တောင်းဆိုမှုများ၊ ပြောင်းလဲလာသော ကမ္ဘာ့ခေတ်ရေစီးကြောင်းနှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေတို့ကြောင့် ၂၀၁၀ အစောပိုင်းနှစ်များတွင် မြန်မာ စစ်တပ်ခေါင်းဆောင်များသည် ၎င်းတို့ အာဏာသက်ဆိုးရှည်ရေးအတွက် ဗျူဟာပြောင်းရန် မဖြစ်မနေ စတင်စဉ်းစားပြင်ဆင်လာကြသည်။ ၎င်းတို့ချမှတ်လာသော ဗျူဟာအသစ်မှာ စစ်တပ်အမည်ဖြင့် တိုက်ရိုက်ကြီးစိုး အုပ်ချုပ်ခြင်းထက် စစ်တပ်ခေါင်းဆောင်များ၊ ယူနီ ဖောင်းချွတ် အရပ်သားအသွင်ပြောင်း စစ်တပ်ခေါင်းဆောင်ဟောင်းများနှင့် ၎င်းတို့လက်ဝေခံ များ အတူပူးပေါင်းကာ အတုအယောင်ဟန်ပြရွေးကောက်ပွဲဒီမိုကရေစီစနစ်ဖြင့် တိုင်းပြည်ကို ဆက်လက် အုပ်စိုးထားရန်ဖြစ်သည်။ အဆိုပါ ဗျူဟာအသစ်အတွက် ၎င်းတို့ ပြင်ဆင် လိုက်သည်မှာ "ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)" နှင့် "ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း" တဖြစ်လဲ "ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ - (USDP)" တို့ပင် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) သည် အချိန် (၁၅) နှစ်ကျော် ကြာသည်အထိ စစ်တပ်စိတ်ကြိုက် ပြင်ဆင်ရေးဆွဲထားပြီး အပြစ်အနာအဆာများနှင့် ပြည့်နှက်နေသည့် ဒီမိုကရေစီပုံစံနှင့် အတုအယောင် ဟန်ပြဖက်ဒရယ်စနစ်တို့ကို ဖန်တီးထားသည်။ ထို့အပြင် နိုင်ငံတော်တွင် စစ်တပ်၏ အခန်းကဏ္ဍကို ထာဝရအရေးအကြီးဆုံးသော အနေအထားမျိုး ဖြစ်အောင်လည်း ပုံဖော်ထားသည်။

ဤကဲ့သို့ အစစအရာရာ ကြိုတင်ပြင်ဆင်၊ စီမံကိန်းချ ဆောင်ရွက်ပြီးနောက် ၂၀၁၀ ခုနှစ်တွင် "ရွေးကောက်ပွဲ" လုပ်ပေးကာ မြန်မာစစ်တပ်သည် နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈) နှင့်အညီ ရာသက်ပန် ထိန်းချုပ်နိုင်တော့မည်ဟု အပိုင်တွက်ချက်၊ ယုံကြည် ထားတော့သည်။ သို့သော် ၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်အရ "အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)" ပါတီအစိုးရ တက်လာချိန်မှစ၍ မြန်မာစစ်တပ်အနေဖြင့် ၎င်းတို့ ၏ မှန်းချက်နှင့် နှမ်းထွက်မကိုက်တော့မှန်း သိရှိသွားသည်။

၎င်းတို့စိတ်တိုင်းကျ ရေးဆွဲ အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ဘောင်ထဲကပင် NLD ပါတီသည် နိုင်ငံ တော်အာဏာကို တစိတ်တပိုင်းအားဖြင့် ရရှိသွားသည်ကို စစ်တပ်အနေဖြင့် လုံးဝ မကျေ မနပ်နိုင် ဖြစ်ခဲ့ရသည်။ ထို့နောက်ပိုင်းတွင် စစ်တပ်နှင့် ၎င်း၏လက်ဝေခံ USDP ပါတီတို့သည် နိုင်ငံတော်အာဏာကို ယခင်ကကဲ့သို့ အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် အဓမ္မကြံစည်ခဲ့သည်။ ဆိုရလျှင် မြန်မာစစ်တပ်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈) ဘောင်ထဲက ပေးအပ်ထားသော တဝက်တပျက် ဒီမိုကရေစီနှင့် အတု အယောင် ဖက်ဒရယ် အခွင့်အရေးများကိုပင်လျှင် ပြည်သူလူထုအတွက် စေတနာမရှိနိုင် ကြောင်းများစွာ ထင်ရှားပေါ်လွင်သည်။

မြန်မာစစ်တပ်နှင့် ၎င်းတို့လက်ဝေခံများသည် ၂၀၂၀ ရွေးကောက်ပွဲတွင်လည်း လုံးဝ အရေးမလှ၊ ခွက်ခွက်လန်အောင် ရှုံးနိမ့်သွားသောအခါ များစွာ တုန်လှုပ်ခြောက်ခြားသွားသည်။ တိုင်းပြည်၏ အရှိန်ရလာသော လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ မြန်မာလူထုအကြား ပြည်သူ့နီတိနှင့် နိုင်ငံရေးအသိအမြင်များ၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီသဘောတရားများ၊ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဆိုင်ရာ အသိအမြင်များ သိသိ သာသာ မျက်စိပွင့် နားလည်လာကြသည်ကိုလည်း မြန်မာစစ်အုပ်စုအနေဖြင့် သတိထားမိပြီး ဖြစ်သည်။ ဤသို့ အရှိန်မပျက် ခရီးဆက်သွားပါကမြန်မာနိုင်ငံတွင် ဒီမိုကရေစီရေး၊ ငြိမ်းချမ်း ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများပိုမိုအားကောင်းလာကာ လူထုဆန္ဒကို ဆန့်ကျင်ပြီး ဗိုလ်ကျစိုးမိုးလိုသူများအတွက်နေရာမရှိဖြစ်လာတော့မည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့၏ "မဟာလက်နက်ကြီး" ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကိုပင် ထိခိုက်လာတော့ မည်ဟု ယုံကြည်လာသော မြန်မာစစ်အုပ်စုသည် ၂၀၂၁ ခု၊ ဖေဖော်ဝါရီ (၁) ရက်နေ့ စစ် အာဏာသိမ်းမှုကို အဓမ္မ ကျူးလွန်လေတော့သည်။

ဆိုရလျှင် ဤ ၂၀၂၁ ခု စစ်အာဏာသိမ်းမှုလုပ်ရပ်သည် ၎င်းတို့စစ်တပ်ကိုယ်တိုင် စိတ်ကြိုက် ရေးဆွဲ အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပါ ပြဋ္ဌာန်း

ချက်များနှင့်ပင် လုံး၀ကိုက်ညီမှုမရှိဘဲ ဥပဒေကို ကျော်လွန်ချိုးဖောက်ခဲ့သည်မှာ သိသာထင်ရှားပါသည်။ ဥပမာအချို့ကိုပြရသော် နိုင်ငံတော်သမ္မတကို စစ်တပ်က လက်နက်အားကိုး အဓမ္မဖမ်းဆီး ခြင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီဝင်အချို့ကို စစ်တပ်လက်နက်အားကိုး အဓမ္မဖမ်းဆီးခြင်း၊ ဒုတိယသမ္မတကို ယာယီသမ္မတအဖြစ် သတ်မှတ်ခြင်း၊ အရေးပေါ် အခြေအနေကြေညာ၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ် ဆောင်ရွက်စေသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြမှု လုံး၀မရှိခြင်းတို့ သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)၊ အခန်း (၁၁)၊ “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက် များ” အခန်းပါ ဥပဒေပုဒ်မများနှင့် လုံး၀ ဆန့်ကျင်ကွဲလွဲနေပါသည်။

မြန်မာစစ်အုပ်စုသည် **"၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများရှိခဲ့သောကြောင့်"** ဟူ၍ ၎င်း တို့၏ အဓမ္မအာဏာသိမ်းမှုအတွက် ယုတ္တိလုံး၀မရှိ၊ မခိုင်လုံသော အကြောင်းပြချက်ကို ပေး ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသည် ၎င်းပါ၀င်ယှဉ်ပြိုင်ခဲ့သော အထွေထွေရွေးကောက်ပွဲသုံးခုစလုံး (၁၉၉၀၊ ၂၀၁၅၊ ၂၀၂၀) တွင် မဲဆန္ဒနယ်အားလုံး၏ (၈၀%) ကျော် တောက်လျှောက်အနိုင်ရရှိခဲ့သည်မှာ မည်သူမျှ မငြင်းနိုင်သည့် အချက်အလက် နှင့် အမှန်တရားပင်ဖြစ်သည်။ ဤသို့အာဏာသိမ်းမှုနှင့် အာဏာရှင်စနစ် သက်ဆိုးရှည်နိုင်ရေးအတွက် မြန်မာစစ်အုပ်စုသည် အိမ်နီးချင်းနိုင်ငံအချို့နှင့် ကမ္ဘာ့နိုင်ငံကြီးအချို့ကို ၎င်းတို့ ၏ မိတ်ဖက်အဖြစ်လည်း ရှုမြင်ကာ အားကိုးတကြီး လိုက်လျော၊ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

# အခန်း (၃)
# ပြည်သူ့နွေဦးတော်လှန်ရေး




ခရစ် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အကြမ်းဖက်စစ်အုပ်စုက ပြည်သူ့ အာဏာကို စတုတ္ထအကြိမ်မြောက် လက်နက်အားကိုး အဓမ္မ သိမ်းပိုက်ခဲ့ပါသည်။ ယုတ္တိမရှိ၊ မခိုင်လုံဘဲ "၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများရှိခဲ့သောကြောင့်" ဟူသည်ကို အကြောင်းပြကာ အာဏာသိမ်းခဲ့သော်လည်း ဤစစ်အာဏာသိမ်းမှု၏ အစစ်အမှန် အကြောင်းရင်းကို အခန်း (၂) တွင် အကျယ်တဝင့် ဆွေးနွေးခဲ့ပြီးလည်း ဖြစ်ပါသည်။

မြန်မာပြည်သူလူထုတရပ်လုံးသည် လက်နက်အားကိုး၊ အဓမ္မ စစ်အာဏာသိမ်းခြင်းကို လုံးဝလက်မခံကြဘဲ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမအပတ်မှစတင်ကာ ယခုချိန်ထိ ပုံစံနည်းနာမျိုးစုံဖြင့် ပြင်းပြင်းထန်ထန် ဆန့်ကျင်တွန်းလှန်နေကြသည်။

ယခုအခါ မြန်မာလူထု ဆင်နွှဲနေသော လူထုတော်လှန်ရေးနည်းနာ (ဝါ) တော်လှန်ရေးတိုက်ပွဲ ၏ မဏ္ဍိုင်များကို အောက်ပါအတိုင်း ချုပ်ကြည့်နိုင်သည် –

(က) နိုင်ငံ့ဝန်ထမ်းများ၏ အာဏာဖီဆန်ရေးတိုက်ပွဲ (Civil Disobedience Movement)

(ခ) လူထုလှုပ်ရှားမှုသပိတ်တိုက်ပွဲ

(ဂ) နိုင်ငံတကာရေးရာနှင့် သံခန်းတမန်ခင်းတိုက်ပွဲ

(ဃ) လူထုအထွေထွေအာဏာဖီဆန်ရေး "ဘူး" သပိတ်တိုက်ပွဲ

(င) ခုခံတွန်းလှန်စစ် (လက်နက်ကိုင်) တိုက်ပွဲ

ယခုအခါတွင် မြန်မာနွေဦးတော်လှန်ရေးသည် "ခုခံတွန်းလှန်စစ်" တိုက်ပွဲကို ဇဟိုပြု၍ ကျန်တိုက်ပွဲနည်းနာများအားလုံးကလည်း ဟန်ချက်ညီညီ အားကောင်းလျက် ချီတက် မောင်းနှင်လျက်ရှိသည်။

## နိုင်ငံ့ဝန်ထမ်းများ၏ အာဏာဖီဆန်ရေးတိုက်ပွဲ (CDM)

နိုင်ငံ့ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုသည် မြန်မာနွေဦးတော်လှန်ရေး၏ ဖွဲ့ဆော်ဦးတာထွက် တိုက်ပွဲခေါ်သံပင်ဖြစ်သည်။ အာဏာသိမ်းပြီးနောက်တရက်၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် မန္တလေးမြို့ ကုတင် (၃၀၀) ဆန့် ကလေးဆေးရုံကြီးမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်၍ "အာဏာသိမ်း စစ်ကောင်စီ လက်အောက်တွင် တာဝန်ထမ်းဆောင်မည်မဟုတ်ကြောင်း" ထုတ်ပြန်ကြေညာခဲ့ကြသည်။ ဤထုတ်ပြန်ချက် သည်ပင်လျှင် မြန်မာနိုင်ငံ နွေဦးပြည်သူ့တော်လှန်ရေး၏ CDM တိုက်ပွဲ တာထွက်ခရာသံ ဖြစ်တော့သည်။ ထို့နောက်တွင် တနိုင်ငံလုံး အစိုးရဌာန ပေါင်းစုံက နိုင်ငံ့ဝန်ထမ်းပေါင်း သိန်း ဂဏန်းသည် ရုံးမတက်ကြတော့ဘဲ အာဏာဖီဆန်ရေး CDM တိုက်ပွဲကို ဆင်နွှဲခဲ့ကြသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။

CDM လှုပ်ရှားမှုသည် တနိုင်ငံလုံး အတိုင်းအတာအထိ ကျယ်ပြန့်လာပြီး အကြမ်းဖက် စစ် အုပ်စု၏ အုပ်ချုပ်မှုယန္တရားလည်ပတ်ရေးကို လုံးဝ တားဆီး ဟန့်တားနိုင်ခဲ့ပါသည်။ စစ် အုပ်စုကလည်း CDM ဝန်ထမ်းများကို အမျိုးမျိုးဖိနှိပ်ချုပ်ခြယ်ခြင်း၊ မတရားပုဒ်မများဖြင့် ဖမ်းဆီးအရေးယူ ထောင်ချခြင်းတို့အပြင် CDM ဝန်ထမ်းများ၏ မိသားစုဝင်များကိုပါ ခြိမ်းခြောက် အရေးယူခြင်းတို့ထိ အဓမ္မလုပ်ရပ်များကို တောက်လျှောက် ကျူးလွန်လျက် ရှိပါသည်။ ထိုကဲ့သို့ အကြမ်းဖက်စစ်အုပ်စုက အမျိုးမျိုး ဖိနှိပ်ဖြိုခွဲသော် လည်း CDM လှုပ်ရှားမှုသည် ယနေ့အချိန်ထိ ရပ်တန့်သွားခြင်းမရှိဘဲ ကြံ့ကြံ့ခံ ရပ်တည် လျက်ရှိသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ တရားဝင်စာရင်းပြုစုမှုအရ ၂၀၂၃ ခုနှစ်၊ မေလ တွင် CDM နိုင်ငံ့ဝန်ထမ်း ဦးရေမှာ (၂၁၀,၆၃၉) ဦးအထိ ရှိနေဆဲ ဖြစ်ပါ သည်။ ၎င်းအရေအတွက်ထဲတွင် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် CDM ဝန်ထမ်း အများဆုံး ဖြစ်ကြောင်း သိရှိရပါသည်။

## လူထုလှုပ်ရှားမှုသပိတ်တိုက်ပွဲ

စစ်တပ်က အာဏာသိမ်းပြီး (၃) ရက်အကြာ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့ နံနက်ခင်းတွင် တက်ကြွသော လူငယ်တစုက အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်

ကြောင်းကို မန္တလေးမြို့ ဆေးတက္ကသိုလ် (မန္တလေး) ရှေ့၌ စတင် ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။ ထို့နောက်တွင် နိုင်ငံ၏ မြို့နယ်အားလုံး ဒေသအားလုံးနီးပါးတွင် စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး အကြမ်းမဖက် လူထုဆန္ဒထုတ်ဖော်ပွဲများ ပေါ်ပေါက်ခဲ့သည်။

ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုများသည် တဖြည်းဖြည်း ပိုမိုအားကောင်းလာကာ သပိတ် ကော်မတီများ၊ သပိတ်စစ်ကြောင်းများအချင်းချင်း ကွန်ယက်ချိတ်ဆက်ပြီး မြန်မာတနိုင်ငံလုံး အတိုင်းအတာဖြင့် လူထုလှုပ်ရှားမှုများကို ဟန်ချက်ညီညီ ဖော်ဆောင်နိုင်ကြသည်။ လူထု သပိတ်များ အားအကောင်းဆုံးအချိန်ဖြစ်သည့် ၂၀၂၁ ခု၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလတို့တွင် နေ့စဉ်ဆိုသလို တနိုင်ငံလုံး ပြည်သူဦးရေ သိန်းဂဏန်းထိ လမ်းမထက်တွင် ဆန္ဒထုတ်ဖော်ခဲ့ ကြသည်။ ပြည်သူလူထုက ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့သော်လည်း အဆိုပါ ဆန္ဒထုတ်ဖော် မှုများကို အာဏာသိမ်းစစ်အုပ်စုက ၂၀၂၁ ခု ဖေဖော်ဝါရီလ ဒုတိယအပတ်မှစတင်၍ ရက်စက်စွာ အင်အားသုံး အကြမ်းဖက်ဖြိုခွင်းခဲ့သည်။ အများပြည်သူ လူမြင်ကွင်းနှင့် သတင်းမီဒီယာများ ရှေ့မှောက်မှာပင် ဆန္ဒပြပြည်သူများအား ကျည်စစ်ကျည်မှန်များဖြင့် ပစ်ခတ်နှိမ်နင်းခြင်း၊ ရိုက်နှက်ဖမ်းဆီးခြင်း၊ အချို့ကို စနိုက်ပါသုံး၍ ဦးခေါင်းကို ချိန်ရွယ် ပစ်ခတ်သတ်ဖြတ်ခြင်း၊ စစ်သုံးမော်တော်ယာဉ်များဖြင့် ဆန္ဒပြလူအုပ်ထဲသို့ ရည်ရွယ်ချက် ရှိရှိ ဝင်တိုက်ခြင်း၊ ဆန္ဒပြခေါင်းဆောင်များနှင့် ၎င်းတို့မိသားစုများကို ပစ်မှတ်ထား သတ်ဖြတ်ဖမ်းဆီးနှိပ်စက်ခြင်းစသည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမျိုးစုံ ကို ကျူးလွန်ခဲ့ကြပါသည်။ ထိုသို့သော အလွန်အကျွံ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက် မှုများကြောင့် ၂၀၂၁ ခု ဧပြီလနောက်ပိုင်းတွင် လူဦးရေ ထောင်သောင်းချီသော လူထုဆန္ဒပြပွဲ များကို ဖော်ဆောင်ရန် မဖြစ်နိုင်တော့သော်လည်း ပြည်သူအားလုံး၏ တော်လှန်စိတ်မှာ လုံးဝ ပျောက်ကွယ်သွားခြင်းမရှိသလို လူထုသပိတ်တိုက်ပွဲများကို ယနေ့အချိန်ထိ ပုံစံမျိုးစုံဖြင့် ဆင်နွှဲနေကြဆဲဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ထုတ်ပြန်ကြေညာ သော စာရင်းဇယားများအရ လူထုသပိတ်များ အားအကောင်းဆုံး

ကာလဖြစ်သော ဖေဖော်ဝါ ရီ (၁) ရက်နေ့မှသည် ဧပြီလ (၆) ရက်၊ ၂၀၂၁ ခုနှစ်အထိ အာဏာသိမ်းပြီး (၆၄) ရက်အတွင်း ကျဆုံးခဲ့ရသော ဆန္ဒပြပြည်သူပေါင်း (၅၇၀) ဦး အထိ ရှိခဲ့ပါသည်။ အဆိုပါစာရင်းအရ အကြမ်းဖက်စစ်အုပ်စုအနေဖြင့် အာဏာသိမ်း ပြီး (၆၄) ရက်အတွင်း တရက်လျှင် ပျမ်းမျှအားဖြင့် အပစ်မဲ့ ဆန္ဒပြပြည်သူ (၉) ဦးထိ သတ်ဖြတ်ခံခဲ့ရခြင်း ဖြစ်သည်။ ဧပြီလ၊ ၂၀၂၃ ခုနှစ်ထိ သိရှိရသော ကိန်းဂဏန်းများ အရ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးနောက် အဓမ္မ ဖမ်းဆီးချုပ်နှောင်ခြင်းခံထား ရသူပေါင်း (၂၂၀၀၀) ကျော်အထိ ရှိခဲ့ပြီဖြစ်သည်။

အကြမ်းဖက်စစ်အုပ်စုက ဤကဲ့သို့ လူမဆန်စွာ အကြမ်းဖက်နေသော်လည်း စစ် အာဏာ သိမ်းမှုကို လက်မခံကြောင်း ဆန္ဒထုတ်ဖော်မှုများသည် ရန်ကုန်၊ မန္တလေး ကဲ့သို့သော မြို့ကြီး များမှသည် ကျေးလက်တောရွာများတိုင် ယနေ့အချိန်ထိ နေ့စဉ် မပျက် ဆက်လက်ရှိနေဆဲ ဖြစ်ပါသည်။ ဤတိုက်ပွဲမဏ္ဍိုင်ကပင်လျှင် မြန်မာ ပြည်သူလူထုက အာဏာသိမ်းမှုနှင့် အာဏာရှင်စနစ်ကို လုံးဝ လက်မခံကြောင်း နှလုံးရည်နည်းနာဖြင့် ပြသနေခြင်းပင်ဖြစ်ပါ သည်။

## နိုင်ငံတကာရေးရာနှင့် သံခန်းတမန်ခင်းတိုက်ပွဲ

ခရစ် ၂၀၂၁ ခု၊ စစ်အာဏာသိမ်းမှုသည် စစ်တပ်စိတ်တိုင်းကျ ရေးဆွဲပြဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အရပင်လျှင် လုံးဝ တရားဝင်မှုမရှိကြောင်း သိသာ ပေါ်လွင် လှပါသည်။ မည်သို့သော ဥပဒေသဘော၊ သဘာဝယုတ္တိ၊ အာဂမယုတ္တိတို့ဖြင့် မည်သို့ပင် ချိန်ထိုးသည်ဖြစ်စေ လုံးဝ ကျိုးကြောင်းမကျ၊ တရားဝင်မှုမရှိသော စစ် အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲ ပေါ်ပေါက်လာသော အာဏာသိမ်းစစ်ကောင်စီ (နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ) ကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် ပြည်သူလူထုက လုံးဝ လက်မခံပါ။

ထို့အတူ ကမ္ဘာ့ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့တို့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်း များ၊ ကမ္ဘာ့နိုင်ငံများကလည်း အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စုကို တရားဝင်အစိုးရ အဖြစ် အသိအမှတ်မပြုရေးအတွက် မြန်မာလူထုက အစွမ်းကုန် ကြိုးပမ်းလျက်ရှိ ပါသည်။ တပြိုင် နက်တည်းမှာပင် ၂၀၂၀ ရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ်များ၊

တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကြားကာလ ပြည်နယ်/လူမျိုး/ဒေသ ကိုယ်စားပြု အဖွဲ့အစည်းများ၊ သပိတ်၊ CDM စသည့် နွေဦး တော်လှန်ရေးအင်အားများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ လူထုလူတန်းစား အလွှာ ပေါင်းစုံတို့ကို အခြေပြုကာ "ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြုကော်မတီ" (Committee Representing Pyidaungsu Hluttaw – CRPH)၊ ကြားကာလ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) စသည့် တော်လှန်ရေးကာလအတွင်း နိုင်ငံရေးအရ တရားဝင် ဦးဆောင်သည့် အဖွဲ့ အစည်းများ စုဖွဲ့ပေါ်ပေါက်လာသည်။

"ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (Committee Representing Pyidaungsu Hluttaw – CRPH) ကို ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြင့် ၂၀၂၁ ပြည့်နှစ် ဖေဖော်ဝါရီလ (၅) ရက် နေ့ တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ထို့ကြောင့်ပင်လျှင် CRPH သည် ပြည်သူလူထုကို တရားဝင် ကိုယ်စားပြုသည့် (De jure Legitimacy) အဖွဲ့အစည်းဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခု၊ နွေဦးပြည်သူ့တော်လှန်ရေးမတိုင်မီ လွန်ခဲ့သော နှစ်ပေါင်းများ စွာ ကတည်းက အစိုးရများ၊ အာဏာရှင်များကို ခုခံတော်လှန်နေကြသော “တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်း” (Ethnic Resistance Organization - ERO) များ ရှိကြပါသည်။ သက်ဆိုင်ရာ နယ်မြေဒေသနှင့် ပြည်သူလူထုအတွက် အဆိုပါ EROs များသည် လက်တွေ့မြေပြင်၌ တရားဝင် ကိုယ်စားပြုမှု (De Facto Legitimacy) ရှိသည့် အဖွဲ့အစည်းများဟု ဆိုနိုင်ပါသည်။

ဤကဲ့သို့ De jure Legitimacy နှင့် De Facto Legitimacy တို့ ကိုယ်စီရှိကြသော CRPH နှင့် EROs တို့အပါအဝင် နိုင်ငံရေးပါတီများ၊ ကြားကာလ ပြည်နယ်/လူမျိုး/ဒေသ ကိုယ်စားပြု အဖွဲ့အစည်းများ၊ သပိတ်၊ CDM စသည့် နွေဦးတော်လှန်ရေးအင်အားများ၊ အရပ်ဘက် အဖွဲ့အစည်းများ စုပေါင်းပါဝင်မှုဖြင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (NUCC) ကို စုဖွဲ့ထားပါသည်။ NUCC က ရေးဆွဲပြဋ္ဌာန်းထားသော “ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်” (Federal Democracy Charter) သည်ပင်လျှင်

လက်ရှိပြည်သူ့တော်လှန်ရေး၏ မျှော်ရည်ချက်၊ လမ်းပြမြေပုံနှင့် မူဘောင်များပင်ဖြစ်ပါသည်။ ထို့ကြောင့် "ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်" နှင့်အညီ ဖွဲ့စည်းသော ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် De jure Legitimacy နှင့် De Facto Legitimacy တို့ သဘာဝကျစွာ စုပေါင်း လျက် စုဖွဲ့ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ ထို့အပြင် NUG နှင့် NUCC တို့သည် ပြည်သူ့ တော်လှန်ရေးအင်အားစုများ၏ သွေးစည်းညီညွတ်မှုကို ဖော်ညွှန်းနေသော၊ တိုင်းရင်းသား လူမျိုးပေါင်းစုံ စုဖွဲ့ပါဝင်မှုကို ပြသနေသော သမိုင်းဝင် ညီညွတ်မှုပြယုဂ် လည်းဖြစ်ပေသည်။

ဤကဲ့သို့ NUG, CRPH, NUCC အဖွဲ့အစည်းများသည်သာ မြန်မာလူထုကို တရားဝင်ကိုယ်စားပြုပြီး လူထုက အပြည့်အဝ ယုံကြည်ထောက်ခံကြကြောင်းကို ထုတ်ဖော်ပြသသည့် "Credential Campaign" သည်လည်း နွေဦးပြည်သူ့တော်လှန်ရေးအတွက် အရေးပါ သည့် တိုက်ပွဲမဏ္ဍိုင်တရပ်ဖြစ်သည်။

## လူထုအထွေထွေအာဏာဖီဆန်ရေး "ဘူး" သပိတ်တိုက်ပွဲ

နွေဦးပြည်သူ့တော်လှန်ရေးတွင် နောက်ထပ်အရေးပါသော တိုက်ပွဲမဏ္ဍိုင်တခုမှာ လူထု တရပ်လုံးက ပုံစံမျိုးစုံဖြင့် ဆင်နွှဲနေကြသော အထွေထွေအာဏာဖီဆန်ရေး လှုပ်ရှားမှု ဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စုက ပိုင်ဆိုင်သည့် များပြားလှစွာသော ကုန်ပစ္စည်းများ (ဥပမာ၊ မြန်မာဘီယာ၊ MyTel ဖုန်းကတ်) တို့ကို မသုံးစွဲဘူး၊ မဝယ်ယူဘူး၊ စစ်တပ်နှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို အားမပေးဘူး၊ အကြမ်းဖက်အုပ်စုကို အစိုးရ တရပ်အဖြစ် အသိအမှတ်မပြုဘူး၊ အခွန်အခ မပေးဆောင်ဘူး၊ စစ်အုပ်စုကို ထောက်ခံ ပံ့ပိုး နေသူများကို လုံးဝ လက်မခံဘူး စသည့် အထွေထွေအာဏာဖီဆန်ရေး "ဘူး" သပိတ်တိုက်ပွဲ အဖြစ်လည်း အသိများကြပါသည်။

ပြည်သူလူထု၏ "ဘူး" သပိတ်တိုက်ပွဲသည် နွေဦးတော်လှန်ရေးတွင် ထိရောက်သည့် နည်းနာ တခုဖြစ်ကြောင်း အထောက်အထားများစွာရှိပါသည်။ အကြမ်းဖက်စစ်အုပ်စုပိုင် မြန်မာ့ စီးပွားရေးဦးပိုင်လီမိတက် (ဦးပိုင်) နှင့် အကျိုးတူဖက်စပ်ဆောင်ရွက်နေသည့် မြန်မာအဖျော်ယမကာ (Myanmar Brewery) လုပ်ငန်း၏ အမြတ်ငွေမှာ

ရာခိုင်နှုန်းအားဖြင့် ထက်ဝက်ခန့် လျော့ကျလာနေကြောင်း သိရှိရပါသည်။ ထို့အတူ ဗီယက်နမ်နိုင်ငံနှင့် ပူးပေါင်းတည်ထောင်ထားသော အကြမ်းဖက်စစ်အုပ်စုပိုင် Mytel ဆက်သွယ်ရေးကုမ္ပဏီမှာ လည်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဝင်ငွေမှာ သိသာ ထင်ရှားစွာ ကျဆင်းလာကြောင်း သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများ၏ လေ့လာ ချက်အရ သိရှိရပါသည်။

ထို့ကြောင့်ပင် ၎င်းတို့စစ်သည်များ မဖြစ်မနေ အစုရှယ်ယာထည့်ဝင်ရသည့် မြန်မာ စစ်တပ်၏ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ဘဏ္ဍာနှစ် တနှစ်ကုန်တိုင်း ထုတ်ပေး နေကျ အမြတ်ငွေများကို အာဏာသိမ်းပြီးနောက် မပေးနိုင်ဖြစ်နေကြောင်း စစ် ကောင်စီက ၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် တရားဝင် ဝန်ခံထားပါသည်။

အကြမ်းဖက်စစ်အုပ်စု၏ အဓိက နိုင်ငံခြားဝင်ငွေရလမ်းမှာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း (Myanmar Oil and Gas Enterprises – MOGE) ဖြစ် ပါသည်။ စစ်အုပ်စု၏ နိုင်ငံ ခြားဝင်ငွေစုစုပေါင်း၏ (၇၀%) ကျော်သည် MOGE မှ တဆင့် ရရှိနေသည်ဟု သိရပါသည်။ အကြမ်းဖက်စစ်အုပ်စုသည် ပြည်သူအပေါ် သတ်ဖြတ်မည့် စစ်လက်နက်ပစ္စည်းများ၊ လူသတ်လက်နက်များစွာကို MOGE မှ ဝင်ငွေများဖြင့် ဝယ်ယူနေခြင်းဖြစ်သည်။ ထို့အတွက် ကြောင့် စစ်အုပ်စု၏ ဝင်ငွေ သွေးကြောဖြစ်နေသော MOGE မှရနေသည့် "သွေးစွန်းငွေ" (Blood Money) များကို ဖြတ်တောက်ပိတ်ဆို့နိုင်ရေးအတွက်လည်း မြန်မာလူထုက နည်းလမ်းမျိုးစုံဖြင့် ဝိုင်းဝန်းကြိုးပမ်းနေကြပါသည်။

ထို့သို့ လူထုလှုပ်ရှားမှုများ၏ ရလဒ်အဖြစ် TOTALEnergies က မြန်မာနိုင်ငံမှ ထွက်ခွါ မည်ဟု ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ မလေးရှားနိုင်ငံမှ Petronas ကုမ္ပဏီနှင့် ထိုင်းအစိုးရပိုင် PTTEP ကုမ္ပဏီတို့သည် ရဲတံခွန် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် နှုတ်ထွက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ မေလ ၂ရက်နေ့တွင် ဂျပန် ကုမ္ပဏီ ENEOS သည် ရဲတံခွန်စီမံကိန်းမှ နောက်ဆုံးထွက်ခွာသော ကုမ္ပဏီ ဖြစ်လာခဲ့ပါ သည်။

သို့သော် TOTALEnergies အနေဖြင့် မြန်မာနိုင်ငံမှ မထွက်ခွါခင် (၆) လအတွင်း ၎င်း ၏ လုပ်ငန်းများ ဆက်လက်လည်ပတ်ခဲ့ပြီး ပေးရန်ရှိသော အမြတ်ငွေ အမေရိကန်

ဒေါ်လာသန်း (၂၅၀) ကိုလည်း အကြမ်းဖက်စစ်အုပ်စုအား ပေးဆောင်ခဲ့သည်ဟု သိရှိရသည်။ ထို့အပြင် ၎င်းသည် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေနံစီမံကိန်း ပိတ်သိမ်းခကိုလည်း စစ်အုပ်စုကို ပေးဆောင်ခဲ့သည်ဟု သိရသည်။ Chevron ကုမ္ပဏီသည်လည်း ရတနာစီမံကိန်းတွင် အစုရှယ်ယာရှင် အကြီးဆုံးအနေဖြင့် ရှိနေခဲ့ရာမှ ၎င်းပိုင်ဆိုင်သည့် ရှယ်ယာ ၄၁.၁ ရာခိုင်နှုန်းအား ကနေဒါကုမ္ပဏီ MTI Energy သို့ရောင်းချပြီး စီမံကိန်းမှ အပြီးတိုင် ထွက်ခွာခဲ့သည်။

ထို့ကြောင့် အကြမ်းဖက်စစ်အုပ်စုရရှိမည့် အမြတ်ငွေများအား ပေးအပ်ခြင်း မပြုရန်အတွက် နိုင်ငံတကာ စွမ်းအင်ကုမ္ပဏီကြီးများကို လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများနှင့် မြန်မာပြည်သူလူထုက တရစပ် ဖိအားပေးတောင်းဆိုလျက်ရှိပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) ကို အမေရိကန်နိုင်ငံက ဦးဆောင်ပြီး တကမ္ဘာလုံးက စီးပွါးရေးပိတ်ဆို့မှု ပြုလုပ်ရန်လည်း အရေးတကြီး လိုအပ်နေပါသည်။ ထိုသို့ စီးပွါးရေးပိတ်ဆို့မှသာလျှင် မြန်မာပြည်သူလူထုအား သတ်ဖြတ်ရန်လိုအပ်သော လက်နက်များဝယ်ယူနိုင်မည့် စစ်ကောင်စီ၏ ဝင်ငွေရလမ်းကို ပိတ်ဆို့နိုင်မည် ဖြစ်ပါသည်။

## ခုခံတွန်းလှန်စစ် (လက်နက်ကိုင်) တိုက်ပွဲ

ယနေ့မြန်မာလူထု၏ နွေဦးတော်လှန်ရေးသည် ခုခံတွန်းလှန်စစ် ဆင်နွှဲရသည်အထိ မည်သို့ မည်ပုံ ဖြစ်လာရသနည်း၊ မြန်မာလူထုသည် လက်နက်ကိုင်တိုက်ပွဲနည်းနာကို အဘယ့်ကြောင့် စဉ်းစားရွေးချယ်ခဲ့ကြသနည်းဆိုသည်ကို အခန်း (၄) တွင် အကျယ်တဝင့် ဆွေးနွေးတင်ပြ ထားပါသည်။

# အခန်း (၄)
# ခုခံတွန်းလှန်စစ် (လက်နက်ကိုင်တိုက်ပွဲ) နည်းနာကို ဘာကြောင့် ရွေးချယ်ခဲ့ရသလဲ၊



မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရသည်မှ ယနေ့ထိ နှစ်ပေါင်း (၇၅) နှစ်နီးပါးအတွင်း စစ်အာဏာသိမ်းမှု (၄) ကြိမ်ဖြစ်ပွားခဲ့သည်။ ဆိုရလျှင် မြန်မာနိုင်ငံတွင် သမိုင်းတလျှောက် **"လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ"** ရလဒ်ဖြင့် တက်လာသော ဒီမိုကရေစီ အစိုးရသက်တမ်းမှာ ယေဘုယျအားဖြင့် အောက်ပါအတိုင်းသာ ဖြစ်ခဲ့သည် -

(က) ၁၉၄၈ မှ ၁၉၅၈ ထိ - စုစုပေါင်း ၁၁ နှစ်

(ခ) ၁၉၆၀ မှ ၁၉၆၂ နှစ်ဆန်းထိ - စုစုပေါင်း ၂ နှစ်

(ဂ) ၂၀၁၆ မှ ၂၀၂၁ နှစ်ဆန်းထိ - စုစုပေါင်း ၅ နှစ်

ထို့ကြောင့် လွတ်လပ်ပြီးခေတ် (၇၅) နှစ်သော မြန်မာနိုင်ငံရေးခရီးတွင် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံအုပ်ချုပ်ရေးဟူ၍ ပေါင်း (၁၈) နှစ်သာ ရှိခဲ့ဖူးသည်။ ကျန် (၅၇) နှစ်မှာ စစ်တပ် က တိုက်ရိုက်အုပ်ချုပ်ခြင်း၊ စစ်တပ်က တပါတီစနစ်ဖြင့် အသွင်ပြောင်း

အုပ်ချုပ်ခြင်း၊ စစ်တပ်က အရပ်ဖက်အသွင်ပြောင်းကာ အတုအယောင် ကလိန်ကျ အနိုင်ကျင့် ရွေးကောက် ပွဲရလဒ်ဖြင့် အုပ်ချုပ်ခြင်း စသည့် အာဏာရှင်စနစ်များ အောက်တွင်သာ နေခဲ့ကြရပါသည်။ ထို့ကြောင့် မြန်မာပြည်သူလူထုသည် ၁၉၆၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် ကဏ္ဍစုံတွင် ထင်ရာစိုင်း ဗိုလ်ကျအုပ်ချုပ်စီမံပြီး၊ အာဏာနှင့် ကိုယ်ကျိုးစီးပွားသာ ကြည့်သော စစ်အာဏာရှင် အသွင်အမျိုးမျိုးအောက်တွင် အဆုံးစွန်ဖိနှိပ်ခံကာ ရှင်သန်အသက်မွေးလာခဲ့ရပါသည်။ ထို့ကြောင့် မြန်မာစစ်အုပ်စုနှင့် ပတ်သက်၍ မြန်မာပြည်သူလူထုတွင် သမိုင်းပေး၊ ဘဝပေးအသိများ ခိုင်မာ မှန်ကန် အားကောင်းစွာ ရှိနေပြီးဖြစ်ပါသည်။ ထို့ကြောင့် စစ်တပ်ထာဝရကြီးစိုးရေးဝါဒ၊ လက်ယာအစွန်းရောက် ဖက်ဆစ်ဝါဒများကို မြန်မာလူထုက လုံးဝ လက်မခံဘဲ ခေတ်အဆက်ဆက် ပုံစံ မျိုးစုံဖြင့် တွန်းလှန်တိုက်ပွဲဝင်ခဲ့ကြသည်မှာလည်း ယနေ့ချိန်ထိ ဖြစ်ပါသည်။

ယခင်စစ်အာဏာသိမ်းမှု (၃) ကြိမ်သည် ကမ္ဘာကြီး၏ စစ်အေးကာလခေတ်၊ အလုံအပိတ် ခေတ်ဖြစ်သလို နည်းပညာနှင့် သတင်းအချက်အလက်ဖွံ့ဖြိုးမှုပိုင်းတွင် များစွာ အားနည်းနေ သေးသည့်ကာလများဖြစ်သည်။ ယနေ့ကဲ့သို့သော ၂၁ ရာစု၊ ဆက်သွယ်ရေးနှင့် အင်တာနက် နည်းပညာများ လက်လှမ်းမီတိုးတက်နေချိန်၊ ကမ္ဘာတွင်လည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိုင်ရာ အသိအမြင်တို့ များစွာ တိုးတက်ရေပန်းစားနေချိန်တွင် မြန်မာလူထုသည် စစ်အာဏာ သိမ်းမှုကို လုံးဝ လက်မခံနိုင်ကြတော့ဘဲ အပြင်းထန်ဆုံး ဆန့်ကျင်တိုက်ပွဲဝင်နေကြပါသည်။

ယခု ကျွန်ုပ်တို့ မျက်မှောက်ပြုနေရသော နွေဦးပြည်သူ့တော်လှန်ရေးကြီးသည် မြန်မာနိုင်ငံကို နှစ်ပေါင်းများစွာ အနိုင်ကျင့်ဗိုလ်ကျအုပ်ချုပ်ခဲ့ကြသော အကြမ်းဖက် စစ်အုပ်စုကို အမြစ်ပြတ် တွန်းလှန်နိုင်ရေးအတွက် အကောင်းဆုံးသော အခွင့်အလမ်းဖြစ်သည်ဟု ပြည်သူလူထု က ရှုမြင်ကြသည်။ ယခုပြည်သူ့တော်လှန်ရေးသည် သမိုင်းတလျှောက် အားအကောင်းဆုံးသော၊ လူထုလူတန်းစား အလွှာပေါင်းစုံ၊

တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ပထဝီဒေသပေါင်းစုံ လက်တွဲပါဝင်ကြသော တော်လှန်ရေးကြီးတရပ်ဖြစ်သည်။

ခရစ် ၂၀၂၁ ခု၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာစစ်အုပ်စုသည် နိုင်ငံတော် အာဏာကို လက်နက်အားကိုးဖြင့် အဓမ္မ သိမ်းပိုက်ရယူခဲ့သလို ရွေးကောက်ခံ ပြည်သူ့ကိုယ်စားပြု ခေါင်းဆောင်များ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို အဓမ္မ ဖမ်းဆီးခဲ့သည်။ ထို့အပြင် စစ် အာဏာသိမ်းမှုကို လက်မခံကြောင်း ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသည့် ပြည်သူလူထုကို လည်း ရက်စက်စွာ အကြမ်းဖက်သတ်ဖြတ်၊ နှိမ်နှင်း၊ ဖြိုခွဲ၊ ဖမ်းဆီးခဲ့သည်။ မြန်မာစစ်အုပ်စု သည် ၎င်းတို့နှင့် သဘောထားကွဲလွဲသူမှန်သမျှ၊ ၎င်းတို့ကို ဆန့်ကျင်သူမှန်သမျှကို ဖမ်းဆီး၊ ဖိနှိပ်၊ အကြမ်းဖက်မှုများ ဆက်တိုက်ကျူးလွန်ခဲ့သည်။

ဤကဲ့သို့ ရက်စက်ယုတ်မာမှုအပေါင်း သရဖူဆောင်းနေသည့် မြန်မာအာဏာသိမ်း စစ်အုပ်စု သည် "အကြမ်းဖက်အဖွဲ့အစည်း" ဖြစ်ကြောင်းကို ၂၀၂၁ ခုနှစ် မတ်လ (၁) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က တရားဝင် ထုတ်ပြန်ကြေညာခဲ့ သည်။ ထို့အတူ အပြင်းအထန် အကြမ်းဖက်ခြင်းခံနေရသော ပြည်သူလူထုအနေဖြင့် ဥပဒေ နှင့်အညီ မိမိကိုယ်ကိုယ် ကာကွယ်ခုခံခွင့်ရှိကြောင်း လည်း ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) က ၂၀၂၁ ခုနှစ် မတ်လ (၁၄) ရက်နေ့တွင် ထပ်မံ ထုတ်ပြန်ခဲ့ ပါသည်။

ဤကဲ့သို့ ပြည်သူလူထုအပေါ် လက်နက်အားကိုး၊ အင်အားအားကိုးဖြင့် ကြက်ကလေး ငှက်ကလေးသဖွယ် အနိုင်ကျင့်၊ ဗိုလ်ကျ၊ သတ်ဖြတ်နေသည့် အကြမ်းဖက်စစ်အုပ်စုကို မိမိ တို့ပြည်သူများအနေဖြင့်လည်း ပြန်လည် ခုခံတွန်းလှန်ကြရုံမှတပါး အခြားရွေးချယ်စရာ နည်းလမ်းမရှိတော့ပေ။ ထို့ကြောင့် မိမိတို့၏ အသက်အိုးအိမ်၊ စည်းစိမ်တို့ကို ခုခံ ကာကွယ် ရေးအတွက် ပြည်သူများကိုယ်တိုင် ကပင် ဦးဆောင်၍ ၂၀၂၁ ခု၊ မတ်လမှစတင်ကာ ရပ်ကွက် အလိုက်၊ မြို့ရွာဒေသအလိုက် ရပ်ရွာအခြေပြု ပြည်သူ့ကာကွယ်ရေး အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်

လာကြသည်။ ထို့အပြင် ခေတ်အဆက်ဆက်တွင် တက်ကြွ၍ အဓမ္မမှု၊ မတရားမှုကို လုံးဝ လက်ခံရိုးမရှိသည့် လူငယ်လူရွယ်များသည်လည်း ၂၀၂၁ ခု၊ မတ်လမှ စတင်ကာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများထံ သွားရောက်၍ စစ်ပညာသင်ယူမှု များလည်း ရှိလာကြပါသည်။ အဆိုပါ ကာလများကတည်းကပင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ကရင်နီပြည်နယ်အတွင်းမှ အချို့သော မြို့ရွာဒေသများတွင်လည်း ပြည်သူလူထုသည် မိမိတို့ကို ရန်ပြုနေသော အကြမ်းဖက်စစ်တပ်ကို လက်လုပ် တူမီး သေနတ်များ၊ ဂျင်ကလိများ၊ လောက်လေးခွများအပါအဝင် ရရာလက်နက်ကို အသုံးပြု၍ ပြန်လည်ခုခံမှုများ ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။

ဤသို့ဖြင့် ၂၀၂၁ ခုနှစ်၊ မေလ (၅) ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defense Force - PDF) ကို ဖွဲ့စည်းကြောင်း တရားဝင်ကြေညာခဲ့ပါသည်။ ထို့နောက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် "လှည်းနေ လှေအောင်း မြင်းဇောင်းမကျန်" လူထုတရပ်လုံး ပူးပေါင်းပါဝင်မှုဖြင့် ပြည်သူ့စစ် မဟာဗျူဟာကို အခြေခံသော ပြည်သူ့ခုခံတွန်းလှန်စစ်ကာလ စတင်ကြောင်း၊ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ကြေညာခဲ့ပါသည်။ တိုင်းပြည်ကို လက်နက်အားကိုး၊ ဓားမိုးအုပ်ချုပ်နေသော အကြမ်းဖက်စစ်အုပ်စုကို ပြည်သူလူထုအနေဖြင့်လည်း ဓားကိုင်၍ ပြန်လည်တွန်းလှန်ရန်မှာ အခြေအနေအရပ်ရပ်က ဖန်တီးလာသော သမိုင်းပေးတာဝန်ပင်ဖြစ်သည်။ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) အပါအဝင် လူထုတရပ်လုံးသည် အကြောင်းမဲ့ ရန်လို သတ်ဖြတ် ချင်၊ အနိုင်ကျင့်ကျူးကျော်ချင်၍ မဟုတ်ဘဲ အခြေအနေအရပ်ရပ်အရ "ခုခံတွန်းလှန်စစ်" သို့မဟုတ် "တရားမျှတသည့် စစ်" (Just War) ကိုသာ မလွှဲမရှောင်သာ ဆင်နွှဲနေရခြင်းပင် ဖြစ်သည်။

ထိုသို့ ၂၁ ရာစုတွင် တိုင်းပြည်၏ နုနယ်လှသေးသော ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်နှင့် တဝက်တပျက် ဒီမိုကရေစီစနစ်တို့ကို လုံးဝရိုက်ချိုးဖျက်ဆီးလိုက်သော

အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ်ကို ရင်ဆိုင်တုံ့ပြန်ရေးအတွက် ခုခံတွန်းလှန်စစ် (လက်နက်ကိုင်တိုက်ပွဲ) သည် မဖြစ်မနေ ရွေးချယ်ရမည့် နည်းနာတရပ်ဟု မြန်မာပြည်သူများက ယုံကြည်ကြပါ သည်။ လက်ရှိ နွေဦးပြည်သူ့တော်လှန်ရေးကို စစ်အာဏာရှင်စနစ် ဖြိုချနိုင်ရေး အဆုံးသတ် တိုက်ပွဲအဖြစ်ရှုမြင်ကာ ဘေးထွက်ဆိုးကျိုးများနိုင်သည့် ခုခံတော်လှန်စစ် (လက်နက်ကိုင် တိုက်ပွဲ) နည်းနာကို ရွေးချယ်ခြင်းသည် ၎င်းတို့အတွက် ကြီးမားသော ဆုံးရှုံးမှုများကို ရင်ဆိုင်ရမည်ဟု မြန်မာပြည်သူလူထုက ကောင်းကောင်း သဘောပေါက် နားလည်ပါသည်။ သို့သော်လည်း ယခုလိုအချိန်အခါတွင် အနာခံ၍ အမြစ်ဖြတ် မတွန်းလှန်ပါက မိမိတို့၏ သားမြေးအစဉ်အဆက်အထိ အာဏာရှင်စနစ်အောက်တွင် လူပီသစွာ မနေရတော့မည့် အရှုံး ကို ပိုမိုကြောက်ရွံ့သောကြောင့် ဤလမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းခဲ့ကြခြင်း ဖြစ်ပါ သည်။
အာဏာသိမ်းကာလ (၂) နှစ်ကျော်လာသည့်အချိန်ထိ အကြမ်းဖက်စစ်တပ်၏ လူမဆန်သော အကြမ်းဖက်မှုများကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသည့်တိုင် မြန်မာပြည်သူလူထုသည် ၎င်း တို့ရွေးချယ်ခဲ့သည့် လမ်းကြောင်းအပေါ်တွင် ယုံကြည်ခိုင်မာ၊ ထက်သန်မှုဖြင့် အားသွန် ခွန်စိုက် ပါဝင်လျက်ရှိကြောင်းကိုလည်း လက်ရှိဖြစ်ပျက်နေသော မြေပြင်အခြေအနေများကို ကြည့်ရှုပါက လက်တွေ့ နားလည်သိမြင်နိုင်မည်ဖြစ်သည်။
ဆိုရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) သည် မြန်မာစစ်အုပ်စုအတွက် နိုင်ငံရေးကို ထာဝရ လွှမ်းမိုးချုပ်ကိုင်နိုင်မှု၊ ၎င်းတို့၏ လူမှုစီးပွားရေး ပိုင်ဆိုင်မှုနှင့် အကျိုးစီးပွားအားလုံးကို လုံးဝ မထိခိုက်နိုင်စေသည့် အကာအကွယ်များ၊ အခြားသော အခွင့်ထူးများစွာကို ပေးထားပြီး ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးမှာပင် ယခု စစ်အာဏာသိမ်းမှုသည် မြန်မာစစ်အုပ်စု ၏ အဆုံးမသတ်နိုင်သော အာဏာလောဘကို ရှင်းလင်းစွာ ထင်ဟပ်စေပါသည်။ ထို့ကြောင့် သမိုင်းအဆက်ဆက် မြန်မာစစ်အာဏာရှင်တို့၏အကြောင်းကို မကြွင်းမကျန် နားလည်သိရှိ ထားသော ပြည်သူလူထုသည် ဤနိုင်ငံတွင် ဤအကြမ်းဖက် စစ်ခေါင်းဆောင်မျိုးဆက်တို့ ရှိနေသမျှ ဆင်းရဲ

ခြင်းနှင့် အာဏာသိမ်းစက်ဝန်းမှ မလွတ်မြောက်နိုင်တော့ဟု ကောင်းစွာ နားလည်သဘောပေါက်ခဲ့ကြပါသည်။ ထို့ကြောင့် မပြီးမဆုံးနိုင် သံသရာလည်နေသည့် စစ်အာဏာရှင်မျိုးဆက်ကို အမြစ်ဖြတ်ရန်၊ သမိုင်းတလျှောက် တိုင်းပြည်နှင့်လူထုကို ဒုက္ခ မျိုးစုံပေးခဲ့သော မြန်မာစစ်တပ်ကို တာဝန်ယူ/တာဝန်ခံမှုရှိစေရန်၊ ပြည်သူများအတွက် တရားမျှတမှုကို ဆောင်ကျဉ်းနိုင်ရန်၊ စစ်မှန်သော "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတော်သစ်" ကို တည်ထောင်နိုင်ရန်အတွက် ဤနွေဦးတော်လှန်ရေးကြီးကို အဆုံးသတ် တိုက်ပွဲအဖြစ် မှတ်ယူကာ ခုခံတော်လှန်စစ် (လက်နက်ကိုင်တိုက်ပွဲ) နည်းနာကို ရွေးချယ်ခဲ့ ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှုဖြစ်စဉ်အပြီး မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်ခဲ့သော အဖြစ်အပျက်များကို လေ့လာကြည့်မည်ဆိုပါက ခုခံတော်လှန်စစ် (လက်နက်ကိုင်တိုက်ပွဲ) သည် လူတစု၊ အဖွဲ့အစည်းတခုက တိုက်တွန်း နှိုးဆော်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းမျိုးမဟုတ်ဘဲ သမိုင်းလိုအပ်ချက်နှင့်အညီ ပြည်သူလူထုက တညီတညွတ် ရွေးချယ်၊ ပါဝင် လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားစွာ သိမြင်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ခေတ်သစ်မြန်မာနိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ်များကို ကောင်းစွာ သိရှိနားလည်သူ တို့အဖို့ ပြည်သူလူထုက လက်ရှိ ခုခံတွန်းလှန်စစ် နည်းနာကို ဆုံးဖြတ်ရွေးချယ်လိုက်ကြခြင်း ကို သဘောတူလက်ခံကြလိမ့်မည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

## အခန်း(၅)
## ပြည်သူ့ကာကွယ်ရေးတပ်မတော်



ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် မပြီးမဆုံးနိုင် သံသရာလည်နေသည့် စစ်အာဏာရှင်မျိုးဆက် ကို အမြစ်ဖြတ်ရန်၊ သမိုင်းတလျှောက် တိုင်းပြည်နှင့်လူထုကို ဒုက္ခမျိုးစုံပေးခဲ့သော အကြမ်း ဖက်စစ်တပ်ကို တာဝန်ယူ/တာဝန်ခံမှုရှိစေရန်၊ ပြည်သူများအတွက် အမှန်တရားနှင့် တရား မျှတမှုကို ဆောင်ကျဉ်းနိုင်ရန်၊ စစ်မှန်သော "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတော် သစ်" ကို တည်ထောင်နိုင်ရန်အတွက် ဤပြည်သူ့တော်လှန်ရေးကို ဆင်နွှဲနေကြခြင်း ဖြစ်ပါ သည်။ ဤနွေဦးတော်လှန်ရေးကြီးကို အဆုံးသတ်တိုက်ပွဲအဖြစ် မှတ်ယူကာ ခုခံတော်လှန်စစ် (လက်နက်ကိုင်တိုက်ပွဲ) နည်းနာကို အခြေအနေအရပ်ရပ်ကြောင့် မလွဲမရှောင်သာ ရွေးချယ်ခဲ့ ရခြင်းဖြစ်ပါသည်။

နိုင်ငံတော်နှင့် ပြည်သူလူထုကို အန္တရာယ်အသွယ်သွယ်မှ ကာကွယ်ပေးရမည့်တာဝန်သည် အဆိုပါ နိုင်ငံ့တပ်မတော်၏ ပင်မတာဝန်ပင်ဖြစ်သည်။ သို့သော် စစ်အုပ်စု၏ ထိန်းချုပ်မှု အောက်တွင်ရှိနေသော မြန်မာ့တပ်မတော်သည် ၎င်းကိုယ်၌ကပင်

ပြည်သူလူထုအပေါ် အကြမ်းဖက်မှုနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည့် "အကြမ်းဖက်အုပ်စု" ဖြစ်သွားသောအခါ တပ်မတော်သစ်တရပ် ထူထောင်၍ ပြည်သူလူထုနှင့် ပြည်ထောင်စုကို အကာအကွယ်ပေးရမည့်တာဝန်သည် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) အတွက် ရှောင်လွှဲ၍မရသော သမိုင်းပေးတာဝန် ဖြစ်လာပါသည်။ သို့ဖြစ်၍လည်း အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ကို စတင်ဖွဲ့စည်းစဉ်ကပင် ကာကွယ်ရေးဝန်ကြီးဌာနကို ထည့်သွင်းဖွဲ့စည်းရပါသည်။ ခရစ် ၂၀၂၁ ခုနှစ်၊ မေလ (၅) ရက်တွင် ကာကွယ်ရေး ဝန်ကြီးဌာနက ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defense Force - PDF) ကို ဖွဲ့စည်းကြောင်း ကမ္ဘာသိ ထုတ်ပြန်ကြေညာခဲ့ပါသည်။

ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များအဖြစ် -

(က) ပြည်သူများအပေါ် စစ်ကောင်စီ၏ အကြမ်းဖက်မှုများနှင့် စစ်ရေးအရ ရန်လိုတိုက်ခိုက်မှုများကို ထိန်းချုပ် အဆုံးသတ်ခြင်းဖြင့် နှစ်ပေါင်း (၇၀) ကျော် ဖြစ်ပွားနေသော ပြည်တွင်းစစ်အား ချုပ်ငြိမ်းရေး

(ခ) ထိရောက်သော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရေး

(ဂ) ဖက်ဒရယ် ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းနိုင်ရေးအတွက် ရှေ့ပြေးအမြုတေအဖြစ် ပါဝင်ရေးဟူ၍ ချမှတ်ထားသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် အစောပိုင်းကာလက မြောက်ပိုင်းတိုင်း၊ တောင်ပိုင်းတိုင်း၊ အရှေ့ပိုင်းတိုင်း၊ အနောက်ပိုင်းတိုင်းနှင့် အလယ်ပိုင်းတိုင်းဟူ၍ "စစ်တိုင်းကြီး" (၅) တိုင်း ပိုင်းခြားသတ်မှတ်ကာ "စစ်တိုင်းဖြစ်မြောက်ရေးကော်မတီများ" ဖွဲ့စည်းလျက် PDF တပ်မတော် စုဖွဲ့ရေးအတွက် ပြင်ဆင်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနက PDF တပ်မတော် ကို တည်ထောင်ကြောင်း တရားဝင်မထုတ်ပြန်ခင်ကပင် တာဝန်သိ လူငယ်လူရွယ်များစွာက လည်း စစ်သင်တန်းများ တက်ရောက်ရန်အတွက် တော်လှန်ရေးအဖွဲ့အစည်းများထံ မိမိတို့ ကိုယ်ပိုင်အသိစိတ်နှင့် ခံယူချက်အရ သွားရောက်ခဲ့ကြသည်။ သတ်မှတ်စစ်တိုင်းအလိုက် သက်ဆိုင်ရာ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများက PDF တပ်မတော် ပေါ်ပေါက် ရေးအတွက် စစ်သင်တန်းလေ့ကျင့်မှုများ ပေးအပ်ခြင်း၊ တပ်စုဖွဲ့မှုများအတွက် ကူညီပံ့ပိုး ခြင်း၊ ကွပ်ကဲမှုပေးခြင်း၊ အခြေပြုနေထိုင်ခွင့်ပေးခြင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ ကာကွယ်ရေးဝန်ကြီးဌာနသည် လက်တွေ့လုပ်ငန်းလိုအပ်ချက်နှင့် ပြောင်းလဲလာ သော အခြေအနေအရ စစ်တိုင်း (၅) တိုင်းကို လိုအပ်သလိုပေါင်းစည်းကာ စစ်တိုင်း (၃) တိုင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ယခုအခါ ကာကွယ်ရေးဝန်ကြီးဌာနသည် မြောက်ပိုင်းတိုင်း၊ တောင်ပိုင်းတိုင်းနှင့် အလယ်ပိုင်းတိုင်းဟူ၍ စစ်တိုင်း (၃) တိုင်းဖြင့် PDF တပ်မတော်ကို စစ်နယ်ပိုင်းခြားထားပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် ကျင့်ဝတ်စည်းကမ်းပိုင်းဆိုင်ရာ ဂုဏ်သိက္ခာ လုံးဝကင်းမဲ့နေသော အကြမ်းဖက်အာဏာသိမ်းစစ်တပ်၏ဖြစ်စဉ်ကို မိမိတို့၏ "ပြည်သူ့ကာကွယ် ရေးတပ်မတော်" တည်ထောင်ရာတွင် ကောင်းစွာသင်ခန်းစာယူ၍ စနစ်တကျ ပြင်ဆင်ခဲ့ပါ သည်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်သားများ လိုက်နာရမည့်ကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများ (Code of Conduct)၊ ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံး၍ နိုင်ငံတကာ စစ်ဘက်ဆိုင်ရာ စံနှုန်းများနှင့်အညီဖြစ်စေရန် သတ်မှတ်ပြဌာန်းဆောင်ရွက်ခဲ့သည်။ ၎င်း ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာစေရေးအတွက် အဆင့်ဆင့် သော စစ်ခုံရုံးများ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် အရပ်သားဝန်ကြီးဌာန၏ ထိန်းကြောင်းမှု အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကိုယ်တိုင် ဦးဆောင်ကာ "စုံစမ်းစစ်ဆေးရေး ကော်မရှင်" ကိုလည်း ဖွဲ့စည်းတာဝန် ပေးအပ်ထားသည်။

PDF တပ်မတော်၏ အဓိကတာဝန်မှာ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်၊ ကာကွယ်၊ ထိန်းသိမ်းရန်ပင်ဖြစ်သည်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်သားများ၏ သစ္စာအဓိဌာန် (၄) ချက်အဖြစ် အောက်ပါအတိုင်း သတ်မှတ်ထားပါသည် -

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း ကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် စောင့်ရှောက် ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ငါတို့၏အသက်ကို စွန့်လွှတ်ရန် အဓိဌာန်ပြုပါသည်။

လက်ရှိ ပြည်သူ့တော်လှန်ရေးကြီးတွင် ခုခံတွန်းလှန်စစ် (လက်နက်ကိုင်တိုက်ပွဲ) နည်းနာကို ပြည်သူများကိုယ်တိုင်ကပင်လျှင် ဘဝပေးအသိအရ ပြတ်သားခိုင်မာစွာ ရွေးချယ် ခဲ့ကြခြင်းဖြစ်သည်။ ခရစ် ၂၀၂၁ ခု၊ မတ်လနောက်ပိုင်းလောက်မှ စတင်ကာ တနိုင်ငံလုံး ဒေသ အများအပြားတွင် အကြမ်းဖက်စစ်အုပ်စုကို ရရာလက်နက်ပစ္စည်းများဖြင့် ခုခံကြခြင်း၊ လူငယ်လူရွယ်များက တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများထံသို့ သွားရောက်ကာ စစ်သင်တန်းများ ရယူကြခြင်းတို့ ဆောင်ရွက်ခဲ့ကြပါသည် ။ ထို့နောက် နိုင်ငံတဝန်း၌ ခုခံ တွန်းလှန်စစ်အတွက် ပြည်သူလူထုကိုယ်တိုင်က ပြင်ဆင်ဆောင်ရွက်ကြသည့် ကိုယ်ထူ ကိုယ်ထ အဖွဲ့အစည်းပေါင်းများစွာ ပေါ်ပေါက်လာခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်ကို တည်ထောင်ရသော အခြားရည်ရွယ် ချက်တခုမှာ တနိုင်ငံလုံးတွင် ပြန့်ကျဲနေသော ပြည်သူ့ခုခံတွန်းလှန်စစ် အင်အားများကို စစ်ရေးသဘောအရ အထူးအရေးကြီးသည့် "ကွပ်ကဲမှုကွင်းဆက်" (Chain of Command) တခုတည်းအောက်တွင် စုစည်းနိုင်ရန်ဖြစ်ပါသည်။ ကွပ်ကဲမှု၊ ထိန်းချုပ်မှု၊ ဆက်သွယ်မှု၊ ထောက်လှမ်းမှု (Command, Control, Communication and Intelligence – C3I) တို့ ကောင်းမွန် ၊ ထိရောက်၊ မှန်ကန်ရေးသည် စစ်ရေးစစ်ရာတွင် အသက်ပမာ အရေးကြီးဆုံးဖြစ်သည်ကို စစ်ရေးနားလည်သူတိုင်း သိရှိသဘောပေါက်ကြပါသည်။ ထို့အတွက်ကြောင့် PDF အလံတော်အောက်တွင် တနိုင်ငံလုံးရှိ ပြည်သူ့ခုခံတွန်းလှန်စစ် အင်အားများအားလုံး အတူရပ်တည်ပူးပေါင်းကြ၍ Code of Conduct ကောင်းမွန်လျက် တခုတည်းသော Chain of Command ဖြင့် အကြမ်းဖက်စစ်အုပ်စုကို ရင်ဆိုင်တိုက်ပွဲဝင်ခြင်းသည် တော်လှန်ရေးကို များစွာ ထိရောက်၊ မြန်ဆန်စေမည်ဖြစ်သည်။

နွေဦးပြည်သူ့တော်လှန်ရေးကြီးကို အကြောင်းပြုကာ သမိုင်းလိုအပ်ချက်အရ ပေါ်ပေါက်လာသော PDF တပ်မတော်သည် ဤတော်လှန်ရေးမတိုင်မီကတည်းကပင် ရှိနေ ပြီးဖြစ်သော မဟာမိတ် "တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း" (Ethnic Resistance Organizations – ERO) များနှင့်လည်း တသားတည်းပမာ အတူလက်တွဲဆောင်ရွက်လျက် ရှိပါသည်။ စစ်အာဏာရှင်စနစ်ကို နှစ်ပေါင်းများစွာ ခုခံတော်လှန်ခဲ့သည့် အတွေ့အကြုံနှင့် ဖြတ်သန်းမှု ရင့်ကျက်ပြီးဖြစ်သော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့်အတူ မိမိ တို့ PDF တပ်မတော်သည် လက်တွဲလျက်

စစ်အာဏာရှင်စနစ်ကို မြန်မာ့မြေပေါ်မှ အပြီးတိုင် မောင်းနှင်တိုက်ထုတ်နိုင်ရန်၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

မိမိတို့ PDF တပ်မတော်သည် မဟာမိတ် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းလျက် တော်လှန်ရေးအလွန် ဖက်ဒရယ်ပြည်ထောင်စုသစ်တွင် လိုအပ်ချက်ဖြစ်လာမည့် "ဖက်ဒရယ်တပ်မတော်" အတွက် ရှေးရှုဦးတည်လျက်ရှိပါသည်။ "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်" ပါ ပြဋ္ဌာန်းချက်များအရ လက်ရှိကြားကာလ (ဝါ) တော်လှန် ရေးကာလအပြီးတွင် အသွင်ကူးပြောင်းရေးကာလ (Transitional Period) တရပ် ထားရှိ သွားမည်ဖြစ်သည်။ PDF တပ်မတော်နှင့်တကွ ပြည်သူ့တော်လှန်ရေးတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၊ ၎င်းအဖွဲ့ အစည်းများမှ စစ်သည်တော်များအားလုံးကို အဘက်ဘက်က ထောက်ပံ့ကူညီရေး၊ ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေး စသည့် ကိစ္စအဝဝအတွက်လည်း အသွင် ကူးပြောင်းရေးကာလမှစတင်ကာ နိုင်ငံတော်က အလုံးစုံ တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်သည်။ နွေဦးပြည်သူ့တော်လှန်ရေးကြီး၏ တော်လှန်တိုက်ပွဲဝင် PDF နှင့် EROs စစ်သည် တော်များကို တိုင်းပြည်၏ သူရဲကောင်းများအဖြစ် လေးနက်စွာ ဂုဏ်ပြုမော်ကွန်းတင်ကြရ မည်ဖြစ်သည်။ အသွင်ကူးပြောင်းရေးကာလအလွန်တွင် ပေါ်ပေါက်လာမည့် ဖက်ဒရယ် နိုင်ငံ တော်သစ်အတွက် "ဖက်ဒရယ်တပ်မတော်" ဖွဲ့စည်းနိုင်ရေး "လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး" (Security Sector Reform – SSR) လုပ်ငန်းစဉ်များအတွက်လည်း ရှေးရှု ပြင်ဆင်လျက်ရှိပါသည်။

အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုသည် လောလောဆယ်အချိန်တွင် ရုပ်ဝတ္ထုအင်အား၊ နည်းပညာနှင့် စစ်ရေးအတွေ့အကြုံတို့အရ မိမိတို့ PDF တပ်မတော်ထက်များစွာ သာလွန်နေသည်မှာ အရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့အတွက် ခုခံတွန်းလှန်စစ်မှာ လက်ရှိအချိန်တွင် "ဘက်မညီစစ်" (Asymmetrical Warfare) ဖြစ်ပါသည်။ ထို့အတွက် ကြောင့် ကာကွယ်ရေးဝန်ကြီးဌာန၊ PDF တပ်မတော်အနေဖြင့် လက်ရှိအချိန်တွင် စစ်ရေးအရ စွဲကိုင်ကျင့်သုံးနေသည်မှာ "ပြည်သူ့စစ်မဟာဗျူဟာ" (People War Strategy) ဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စုကို လှည်းနေလှေအောင်း

မြင်းဇောင်းမကျန် ပြည်သူလူထုတရပ်လုံး က ပုံစံမျိုးစုံ၊ နည်းနာမျိုးစုံတို့ဖြင့် ဆန့်ကျင်တွန်းလှန်ကြခြင်းဖြစ်သည်။ "ဘက်မညီစစ်" ဖြစ်သည်နှင့်အညီ မိမိတို့ PDF တပ်မတော်သည် စစ်ရေးအရ "ပြောက်ကျားစစ်နည်းဗျူဟာ" ကို စနစ်တကျ ပုံဖော်ကျင့်သုံး၊ ဆောင်ရွက်လျက်ရှိပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့ကာကွယ်ရေးတပ်မတော်အတွက် "စစ်ရုံးချုပ်" ကို ၂၀၂၂ ခု၊ အောက်တိုဘာလတွင် ဖွဲ့စည်းထူထောင်ခဲ့ပြီးဖြစ်သည်။

စစ်ရုံးချုပ်ဖွဲ့စည်းပုံတွင် -

(၁) စစ်ဆင်ရေးဌာန

(၂) စစ်ထောက်လှမ်းရေးဌာန

(၃) စစ်ရေးဌာန

(၄) စစ်ထောက်ဌာန

(၅) ပြည်သူ့လုံခြုံရေးဌာန ဟူ၍ ဌာနကြီးငါးခုဖြင့် ငါးချောင်းထောက်ပုံစံ ဖွဲ့စည်းထားပါသည်။ ဌာနတခုချင်းစီအလိုက် ဌာနခွဲ၊ ဌာနစိတ်များ အဆင့်ဆင့် ဖွဲ့စည်းထားသလို အထူးရုံး များလည်း ပါဝင်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် "ပြည်သူ့ကာကွယ်ရေးတပ်မတော်" နှင့် ပြည်သူ့ကာကွယ်ရေးစနစ်ကို ထူထောင်ရာတွင် -

(၁) ပြည်သူ့ကာကွယ်ရေးတပ်မတော် တပ်ရင်း (Battalion) သို့မဟုတ် စစ်ကြောင်း (Column)

(၂) မြို့နယ်အခြေပြု ပြည်သူ့ကာကွယ်ရေးအဖွဲ့များ (အတိုကောက်အားဖြင့် "ပကဖ" ဟု အသုံးပြုသည်) ဟူ၍ အခြေခံ တပ်ပုံစံနှစ်မျိုးဖြင့် ဖွဲ့စည်းထူထောင်ထားပါသည်။

ပြည်သူ့ကာကွယ်ရေးတပ်မတော်၊ တပ်ရင်းများနှင့် စစ်ကြောင်းများကို "တပ်စိတ်၊ တပ်စု၊ တပ်ခွဲ၊ တပ်ရင်း" စသည်အဆင့်ဆင့်ဖြင့် စုဖွဲ့ပြီး ပြည်သူ့ကာကွယ်ရေးစနစ်၏ အဓိက တိုက်ခိုက်ရေးတာဝန် ကို ထမ်းဆောင်ပါသည်။ မြို့နယ်အခြေပြု ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) များသည် ပြည်သူ့စစ်မဟာဗျူဟာအရ အရပ်သားပြည်သူများ ပူးပေါင်းပါဝင်သည့် "ပြည်သူ့စစ်" (People Militia) အသွင် ဒေသကာကွယ်ရေး အင်အားများဖြစ်၍ ကျေးရွာ/ရပ်ကွက်အဆင့် ထိ အဆင့်ဆင့် စနစ်တကျ ဖွဲ့စည်းထားပါသည်။ ပကဖများသည် တမြို့နယ်လျှင် လူအင်အား

အနည်းဆုံး ထောင်ဂဏန်းမှသည် သောင်းဂဏန်းထိ ရှိကြသည်။ လက်ရှိအချိန်တွင် ကာကွယ်ရေးဝန်ကြီးဌာနသည် တနိုင်ငံလုံး၌ ပြည်သူ့ကာကွယ်ရေး တပ်မတော်အဖြစ် တပ်ရင်းနှင့် စစ်ကြောင်းပေါင်း (၃၀၀) ကျော် ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် တနိုင်ငံလုံးတွင် မြို့နယ်ပေါင်း (၃၃၀) ရှိသည်အနက် (၂၅၀) ကျော်တွင် မြို့နယ်ပြည်သူ့ ကာကွယ်ရေးအဖွဲ့ (ပကဖ) များ စနစ်တကျ ဖွဲ့စည်းထူထောင်ပြီးဖြစ်သည်။

ယခုအခါ PDF တပ်မတော်ကို စစ်တိုင်းကြီး (၃) တိုင်းအဖြစ် အောက်ပါအတိုင်း သတ်မှတ်ဖွဲ့စည်းထားပါသည်-

၁။ မြောက်ပိုင်းတိုင်း

၂။ တောင်ပိုင်းတိုင်း

၃။ အလယ်ပိုင်းတိုင်း

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ယာယီသမ္မတ၊ ဝန်ကြီးချုပ်တို့ ဦးဆောင်ပါဝင်သော "ပြည်သူ့လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ" သည် ကာကွယ်ရေးနှင့် လုံခြုံရေး ကဏ္ဍ တို့တွင် အစိုးရ၏ အမြင့်ဆုံးဗဟိုအဖွဲ့အစည်းအဖြစ် ဆောင်ရွက်သည်။ ထို့နောက် ကာကွယ် ရေးဝန်ကြီးဌာနသည် PDF တပ်မတော်၏ ပုံမှန် "အရပ်ဖက်ကွပ်ကဲမှု" တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ အဆင့်ဆင့်သော "စစ်ဖက်ကွပ်ကဲမှု" ကိုမူ စစ်ရေးအရ အတွေ့အကြုံများစွာရှိပြီးဖြစ်သော မဟာမိတ် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနနှင့် မဟာမိတ် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်း (၄)ဖွဲ့ အတူလက်တွဲ၍ "ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ" (Central Command and Coordination Committee – C3C) ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလ အတွင်း အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

"ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" (Central Command and Coordination Committee – C3C) တွင် အဖွဲ့ဝင်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌ၊ စစ်ဦးစီးချုပ် အစရှိသည့် နိုင်ငံရေး စစ်ရေး ဆုံးဖြတ်ခွင့်ရှိသူ ထိပ်ပိုင်းခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားပါသည်။ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ ပြည်ထဲရေး

နှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့သည် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ကို ကိုယ်စားပြု၍ C3C တွင် ပါဝင်လျက်ရှိပါသည်။

အလားတူ တောင်ပိုင်းတွင် မဟာမိတ် တိုင်းရင်းသားအဖွဲ့အစည်း(EROs)နှင့် အမျိုးသား ညီညွတ်ရေးအစိုးရတို့သည် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု အခင်းအကျင်း အဖြစ် ပူးတွဲ ညှိနှိုင်းရေးကော်မတီ (Joint Coordination Committee - J2C) ၊ ပူးတွဲ စစ်ရေးကွပ်ကဲမှု (Joint Operation Command - JOC) တို့ကို ဖွဲ့စည်းထားပါသည်။ ဤပူးတွဲအဖွဲ့အစည်းများ တွင်လည်း နှစ်ဖက်လုံးမှ နိုင်ငံရေး၊ စစ်ရေးထိပ်တန်း တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ J2C တွင် နိုင်ငံရေး စစ်ရေးအရ မဟာဗျူဟာများနှင့် မူဝါဒများ ညှိနှိုင်းဆွေးနွေး၊ ချမှတ်ကြ၍ JOC သည် မြေပြင်စစ် ရေး ပူးပေါင်းကွပ်ကဲမှုများ၊ စစ်ရေးဖော်ဆောင်မှုများကို ဆောင်ရွက်ကြပါသည်။

ပြည်သူ့တော်လှန်ရေးကို ဆင်နွှဲရာတွင် ဒေသအလိုက် မဟာမိတ် တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများနှင့် အတူပူးပေါင်းကာ တနိုင်ငံလုံးကို စစ်ရေးအရ "စစ်ဒေသ" (၃) ခု ပိုင်းခြားသတ်မှတ်ရန် ကာကွယ်ရေးဝန်ကြီးဌာနက မျှော်မှန်းဖော် ဆောင်ခဲ့ပါသည်။ စစ်ဒေသတခုအောက်တွင် “စစ်ဒေသခွဲ” များကိုလည်း လိုအပ်သလို ဖွဲ့စည်းမှုများရှိပါသည်။

အမှတ် (၁) စစ်ဒေသ - ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မကွေးတိုင်း၊ မန္တလေးတိုင်း။ (မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသ များ)

အမှတ် (၂) စစ်ဒေသ - ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း။ (မြန်မာနိုင်ငံ တောင်ပိုင်းဒေသ များ)

အမှတ် (၃) စစ်ဒေသ - နေပြည်တော်နှင့်ဆက်စပ်နယ်မြေများ။ (မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသများ)

သို့သော် တော်လှန်ရေး၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာသော အခြေအနေများအရ ယခုအခါ အမှတ် (၂) စစ်ဒေသနှင့် အမှတ် (၃) စစ်ဒေသတို့ကို စုစည်းကာ “တောင်ပိုင်းစစ်ဒေသ” အဖြစ် စုဖွဲ့ထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် တောင်ပိုင်းစစ်

တွင် အောက်ပါဒေသများ ပါဝင်သည်ဟု ဆိုနိုင်ပါသည်-

ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ နေပြည်တော်နှင့် ပတ်လည်ဆက်စပ်နယ်မြေများ။

အထက်ပါ တောင်ပိုင်းစစ်ဒေသကို တောင်ပိုင်းနှင့်အလယ်ပိုင်းမှ မဟာမိတ် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်း (၂)ခု၏ ဦးဆောင်ပါဝင်မှုနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနက ပေါင်းစပ်ဖွဲ့စည်းကာ ပူးပေါင်းကွပ်ကဲမှုများကို ဆောင်ရွက် လျက်ရှိပါသည်။

အချိန်နှင့်တပြေးညီ တိုးတက်ဖြစ်ပေါ်နေသော မဟာမိတ်စုဖွဲ့မှုအခြေအနေ၊ စစ်ရေး အခြေ အနေ၊ ပထဝီအနေအထားနှင့် စစ်ရေးအရ လိုအပ်ချက်တို့ပေါ် မူတည်ကာ စစ်ဒေသအသစ်၊ စစ်ဒေသခွဲများ တိုးချဲ့ ဖွဲ့စည်းခြင်း၊ လက်ရှိစစ်ဒေသနယ်မြေများကို ပြင်ဆင်ဖွဲ့စည်းခြင်း တို့လည်း အနာဂတ်တွင် ဖြစ်လာနိုင်ပါသည်။

စစ်ဒေသတခု၏ ထိပ်ဆုံး စစ်ရေးတာဝန်ခံကို "စစ်ဒေသမှူး" ဟု ခေါ်ဆိုပါသည်။ သက်ဆိုင်ရာ စစ်ဒေသများတွင်းရှိ PDF တပ်ရင်းများ၊ စစ်ကြောင်းများ၊ မြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) များနှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများသည် တာဝန် ပေးအပ်ထားသော "စစ်ဒေသမှူး" ၏ တိုက်ရိုက် ကွပ်ကဲမှုအောက်တွင် အတူတကွရှိကြသည့် "စုစည်းတူညီသော ကွပ်ကဲမှုကွင်းဆက်" (Unified Chain of Command) စနစ်ကို ကျင့်သုံးဆောင်ရွက်ထားပါသည်။

စစ်ဒေသအသီးသီး၏ “စစ်ဒေသမှူး” အဖြစ် သက်ဆိုင်ရာ မဟာမိတ် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများမှ ထိပ်တန်း စစ်ဘက်တာဝန်ရှိသူများက တာဝန်ယူကာ မြေပြင်တွင် ကွပ်ကဲဆောင်ရွက်လျက်ရှိပါသည်။ စစ်ဒေသကွပ်ကဲရေးအဖွဲ့တွင် အခြား တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများမှ စစ်ရေးခေါင်းဆောင်များ၊ တိုင်း/ပြည်နယ် အလိုက် PDF နှင့် ပကဖ တာဝန်ခံများက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ကြသည်။

လက်တလောကာလတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ အဓိက အားနည်း လိုအပ် ချက်မှာ အများသိပြီးဖြစ်သော "လက်နက်ခဲယမ်းမီးကျောက်" ပင်ဖြစ်သည်။ ထို့အတူ အချိန် ဖိအားနှင့် လိုအပ်ချက်အရ အရေးပေါ် ရုတ်ချည်းစုဖွဲ့တည်ထောင်ခဲ့

ရသော PDF တပ်မတော် သည် ကွပ်ကဲမှု၊ ထိန်းချုပ်မှု၊ ဆက်သွယ်မှု၊ ထောက်လှမ်းမှု (Command, Control, Communication and Intelligence – C3I) သဘောတရားများတွင် အားနည်း လိုအပ် ချက်များ ရှိနေဦးမည်မှာ သေချာသည်။ သို့သော် ဤအားနည်း လိုအပ်ချက်များသည် အချိန် ကာလကြာလာသည်နှင့်အမျှ ကောင်းသထက်ကောင်းအောင် ပြင်ဆင်ဖြည့်ဆည်းနိုင်သည် များသာဖြစ်သည်။ မိမိတို့ PDF တပ်မတော်၏ အဓိက အားသာချက်မှာ "အသက်ပင် သေသေ တိုင်းပြည်နှင့် လူထုအတွက် တရားမျှတသည့် ခုခံစစ်ကို သမိုင်းပေးတာဝန်အရ ဆင်နွှဲနေကြခြင်းဖြစ်သည်" ဟူသော ခိုင်မာတက်ကြွလှသည့် ဇွဲနဲ့ဘဲ စိတ်ဓာတ်ရှင် စစ်သည် တော်များနှင့် ပြည်သူလူထု၏ ဘက်ပေါင်းစုံက ထောက်ခံပံ့ပိုးကူညီမှုပင်ဖြစ်သည်။ ဤ အားသာချက်များသည် အကြမ်းဖက်စစ်အုပ်စုအနေဖြင့် မည်သို့မျှ မရနိုင်သလို တော်လှန်ရေး၏ အဆုံးအဖြတ်အဖြစ် အရေးပါသော အချက်များလည်းဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ကာကွယ်ရေးဝန်ကြီးဌာနသည် အာဏာရှင်စနစ် အမြစ်ပြတ်တိုက်ဖျက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် "ပြည်သူ့ကာကွယ်ရေးတပ်မတော်" ကို စစ်ဘက်ဆိုင်ရာ နိုင်ငံတကာနှုန်းစံများနှင့်အညီ စနစ်တကျ ဖွဲ့စည်းထူထောင်ကာ မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် အဆင့်တိုင်းတွင် ပေါင်းစပ်ညှိနှိုင်းလျက် ပြည်သူ့ခုခံတွန်းလှန်စစ်ကို ဆင်နွှဲလျက်ရှိပါသည်။

ဘုံရန်သူနှင့် ဘုံရည်မှန်းချက်ပန်းတိုင် တူညီသော အဖွဲ့အစည်း၊ အင်အားစုများအကြား ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်ရေးသည် မိမိတို့၏ ပြည်သူ့တော်လှန်ရေး အောင်မြင် မှုအတွက် အသက်တမျှ အရေးပါသည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က မှတ်ယူ ပါသည်။ ယခုအခါ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ “မဟာမိတ်ဆက်ဆံရေး ကော်မတီ” (Alliance Relations Committee – ARC) ကို ဖွဲ့စည်းထားကာ မိတ်ဖက် အဖွဲ့အစည်းများအားလုံးကို ချိတ်ဆက် လက်တွဲဆောင်ရွက်နိုင်ရေးအတွက် အထူး အားစိုက် ကြိုးပမ်းလျက် ရှိပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း တနိုင်ငံလုံး ဆင်နွှဲနေကြသော ခုခံတွန်းလှန်စစ် ဆိုင်ရာ ကိစ္စရပ်များတွင် မိတ်ဖက်မဟာမိတ်အင်အားများနှင့် ပူးပေါင်းဆောင်ရွက်

နိုင်ရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ ကာကွယ်ရေး ဝန်ကြီးဌာန၏ ဒုတိယ ဝန်ကြီးကိုယ်တိုင်ပင်လျှင် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့ အစည်း နောက်ခံရှိသူဖြစ်ပါ သည်။

ခရစ် ၂၀၂၁ ခု အစောပိုင်းကာလကတည်းကပင် ကာကွယ်ရေးဝန်ကြီးဌာနသည် စစ်ရေးကိစ္စ ရပ်များအတွက် တနိုင်ငံလုံး လွှမ်းခြုံသော ဗဟိုကွပ်ကဲညှိနှိုင်းရေးအဖွဲ့ အစည်းတခု စုဖွဲ့ရေးအတွက် မဟာမိတ်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ နှင့် ဆက်သွယ် ချိတ်ဆက် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မိမိတို့၏ ပြည်သူ့ ကာကွယ်ရေး စစ်သည်များ ဖြစ်လာမည့် လူငယ်လူရွယ်များကို စစ်သင်တန်းများ လေ့ကျင့်သင်ကြားရေးအတွက်လည်း မဟာမိတ်များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ မိမိတို့ PDF တပ်မတော်၏ အမြုတေ စစ်သည်တော်အားလုံးသည် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေ အတွင်း စစ်သင်တန်းများ ရယူခဲ့ကြခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့် ကေအဲန်ယူ -ကရင်အမျိုးသားအစည်းအရုံး (KNU) တို့က မိမိတို့ PDF တပ်မတော် သားများ အတွက် စစ်သင်တန်းပေါင်းများစွာ ကူညီဆောင်ရွက်ပေးခြင်းကို ဤနေရာတွင် ဂုဏ်ပြု မှတ်တမ်းတင်လိုပါသည်။

ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ပြည်သူ့တော်လှန်ရေးအတွက် အခြားသော မဟာမိတ် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ (၆) ဖွဲ့ဖြင့်လည်း အနီးကပ် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ဂုဏ်ပြု မှတ်တမ်းတင် ဖော်ပြလိုပါသည်။

ပြည်သူ့တော်လှန်ရေးကာလတွင်း ပေါ်ပေါက်လာပြီး ခုခံတွန်းလှန်စစ်တွင် ပါဝင် ဆင်နွှဲနေကြသော တော်လှန်ရေးအဖွဲ့အစည်းများအားလုံးနှင့် ဆက်သွယ် ချိတ်ဆက်နိုင်ရေး ကို ကာကွယ်ရေးဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ကာ အထူး အားစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက် တွင်မရှိသော အဆိုပါ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း/တပ်ဖွဲ့များကို ဒေသ အလိုက် ကာကွယ်ရေးတပ်ဖွဲ့များ (Local Defense Forces – LDFs) ဟု မိမိတို့က သုံးစွဲ ခေါ်ဝေါ်ပါ သည်။ မိမိတို့ PDF တပ်မတော်၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ

နှင့် ကိုက်ညီမှုရှိပါက အဆိုပါ LDFs အဖွဲ့အစည်း/တပ်ဖွဲ့များ၏ လွတ်လပ်သော သဘောထားဆန္ဒနှင့်အညီ PDF တပ်မတော်၏ တပ်ရင်းတပ်ဖွဲ့များအဖြစ် အသွင် ကူးပြောင်းနိုင်ရေးကိုလည်း ကာကွယ်ရေး ဝန်ကြီးဌာနအနေဖြင့် အစဉ် လမ်းဖွင့် ကြိုဆိုလျက်ရှိပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် ၎င်းတို့၏မူဝါဒအရ သီးခြားလွတ်လပ်စွာ ရပ်တည်လို သော နွေဦး လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း/တပ်ဖွဲ့များနှင့်လည်း သတ်မှတ် မူဘောင်များ နှင့်အညီ မိတ်ဖက်အဖွဲ့အစည်းများအဖြစ် အတူလက်တွဲ ပူးပေါင်း ဆောင်ရွက်လျက် ရှိပါ သည်။

ယခုအခါ အမျိုးသားညီညွတ်ရေးအစိုးရသည် ပြည်သူ့တော်လှန်ရေးအတွက် တနှစ် စီမံချက် (One Year Plan) ကို မဟာမိတ် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းစီမံချက် နှင့်အညီ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံခြားရေး၊ စိတ်ဓာတ်စစ်ဆင်ရေးနှင့် လူထု ဆက်ဆံရေး၊ အုပ်ချုပ်ရေးဟူသော နယ်ပယ်ကဏ္ဍ စစ်မျက်နှာ (၆) ရပ်ဖြင့် ပြည်သူ့ တော်လှန်ရေးကို ပုံဖော်ဆင်နွှဲလျက်ရှိပါသည်။

# အခန်း (၆)
# ပြည်သူ့တော်လှန်ရေး၏ လက်ရှိအခြေအနေ၊ လိုအပ်ချက်နှင့် အလားအလာ



အကြမ်းဖက် အာဏာသိမ်းစစ်အုပ်စု၏ လက်ရှိအခြေအနေသည် သမိုင်းတလျှောက် ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် အရည်အသွေးပိုင်းတွင် အချိနဲ့ဆုံးသော အနေအထားကို ရောက်ရှိနေပြီဟု သုံးသပ်နိုင်ပါသည်။ လျှို့ဝှက်၍ တသီးတသန့်ဆန်သော မြန်မာစစ်တပ်၏အင်အားကို ပြည်တွင်းပြည်ပ လေ့လာသူများက (၅) သိန်း၊ (၃) သိန်း စသည်ဖြင့် အမျိုးမျိုး ခန့်မှန်း တွက်ချက်မှုများရှိခဲ့သော်လည်း ၎င်း၏ စစ်သည်အင်အားမှာ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း ကာလများမှစတင်၍ တစတစ သိသာစွာ လျော့ပါးလာခဲ့သည်။ ထို့ကြောင့် ယခု စစ်အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ဖြစ်ပြီးနောက် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ၎င်းတို့ တပ်ရင်းတရင်း၏ ဖွဲ့စည်းပုံကို ယခင် စစ်သည်အင်အား ၈၅၇ ဦးပါ ဖွဲ့စည်းပုံမှ အင်အား ၁၇၀၊ ၁၈၀ နှင့် ၂၀၀ သာ ပါရှိသည့် ဖွဲ့စည်းပုံမူကြမ်း အဆိုပြုချက်များ တိတ်တဆိတ် စီစဉ်ရသည်အထိ ဖြစ်လာပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ သုံးသပ်တွက်ချက်မှုအရ လက်ရှိအချိန်တွင် အကြမ်းဖက်

စစ်တပ်၏ (တိုက်ခိုက်ရေးတပ်ရင်းများ၊ လက်ရုံးတပ်များ အားလုံး ပေါင်း) အင်အားစု စုပေါင်းမှာ ၂၂၅,၀၀၀ မှ ၂၄၀,၀၀၀ ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။

ခရစ် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက် များမကြာမီ ပြည်သူ့ခုခံ တော်လှန်စစ်များ စတင်လာသည့်ကာလမှစ၍ အကြမ်းဖက်စစ်တပ်၏ နဂိုကပင် ချိနဲ့လျက် ရှိသော အင်အားများသည် သမိုင်းတလျှောက် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိလာပါ သည်။ ကာကွယ်ရေးဝန်ကြီးဌာနက မှတ်တမ်းတင်ရရှိသော အချက်အလက်များအရ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် မဟာမိတ် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့များ၏ စုပေါင်းစွမ်းဆောင်ရည်ဖြင့် ပြီးခဲ့သည့် နှစ်နှစ် အတွင်း အနည်းဆုံး ရန်သူ့အင်အား (၂၉၆၅၀) ဦးကို သုတ်သင်နိုင်ခဲ့ပြီး (၁၁၂၃၀) ဦး ထိခိုက်ဒဏ်ရာ ရရှိစေခဲ့ပါသည်။ ထို့ပြင် စစ်အာဏာသိမ်းမှုကို လက်မခံသည့် ရဲတပ်ဖွဲ့ဝင်နှင့် တပ်မတော်သား (၁၃၀၀၀) ကျော် ပြည်သူ့ရင်ခွင် ခိုလှုံလာခဲ့ကြပါသည်။

အကြမ်းဖက်စစ်တပ်အတွက် ရှေးယခင်ကာလများက အမာခံကျောရိုးနှင့် တပ်သား သစ် စုဆောင်းရရှိရေး ရေခံမြေခံဖြစ်ခဲ့သော ဗမာတိုင်းရင်းသားများ၊ မြန်မာပြည် အလယ်ပိုင်းနှင့် အထက်ပိုင်း အညာဒေသများသည် ယခုအခါ ခုခံတွန်းလှန်စစ်တွင် အတက်ကြွဆုံး ပါဝင်နေကြပြီဖြစ်သည်။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ အင်အားများ ပြုန်းတီးလျက်ရှိသော အကြမ်းဖက်စစ်တပ်သည် လျော့နည်းသွားသော ၎င်း၏လူအင်အားများကို ပြန်လည် ဖြည့်တင်းရန်လည်း မစွမ်းဆောင်နိုင်သည့် အနေအထားသို့ ရောက်ရှိနေပါသည်။ ဆိုရသော် အကြမ်းဖက်စစ်အုပ်စုသည် ပင်မ ရေသောက်မြစ် ပျက်စီးအားနည်းသွားသော သစ်ပင်အိုကြီး တပင်နှင့် အလားသဏ္ဌာန် တူနေတော့သည်။

၎င်းတို့ရပ်တည်ရှင်သန်ရေးအတွက် ကျောထောက်နောက်ခံနှင့် ပင်မရေသောက်မြစ် ပျက်စီးသွားပြီဖြစ်သော အကြမ်းဖက်စစ်အုပ်စုအဖို့ တပ်သားသစ်၊ ရဲသားသစ် စုဆောင်းရရှိ ရေးမှာလည်း အခက်အခဲများစွာ ရှိနေပြီဖြစ်သည်။ မိမိတို့ ကာကွယ်ရေး ဝန်ကြီးဌာနက ထောက်လှမ်းရရှိသော သတင်းများအရ ၂၀၂၃ နှစ်ဦးပိုင်းတွင် အကြမ်းဖက်စစ်တပ်၏ စစ်အခြေခံလေ့ကျင့်ရေးတပ် ၁၀ ခု၌ လေ့ကျင့်သင်ကြားနေ သော တပ်သားသစ်ဦးရေမှာ စုစုပေါင်း ၄၀၀ မှ ၅၀၀ ဦးခန့်သာရှိကြောင်း သိရှိ

ရပါသည်။ အဆိုပါ တပ်သားသစ်များ မှာလည်း ရာဇဝတ်မှုအသေးစားများကို ကျူးလွန်ထားသူများ၊ လမ်းပေါ် အလုပ်အကိုင်မဲ့ လေလွင့်လူငယ်များနှင့် အရွယ်မရောက်သေးသော ကလေးများသာ အများစုဖြစ်ကြောင်း သိရှိရပါသည်။ အခြားအဆင့် တပ်သားသစ် စုဆောင်းရရှိရေးသာမက အရာရှိ (ဗိုလ်လောင်း) တက္ကသိုလ်များ၊ ကောလိပ်များတွင်ပါ လျှောက်ထားလာသည့် ကျောင်းသားသစ် ဦးရေမှာ လိုအပ်သည်ထက် များစွာ လျော့နည်းနေကြောင်း စုံစမ်းသိရှိရပါသည်။

ရုပ်ပိုင်းဆိုင်ရာအရ အင်အားချိနဲ့လျက်ရှိသော အကြမ်းဖက်စစ်တပ်သည် စိတ်ပိုင်းဆိုင်ရာအရလည်း အောက်ဆုံးသို့ ထိုးဆင်းရောက်ရှိလျက်ရှိပါသည်။ ပြည်တွင်းစစ်မီး မငြိမ်း သော မြန်မာနိုင်ငံတွင် အာဏာသိမ်းဖြစ်စဉ်မတိုင်မီကတည်းက တိုက်ခိုက်ရေး ခြေလျင်/ခြေမြန် တပ်ရင်းများအပြင် လက်ရုံးတပ်များပါ စစ်ဆင်ရေးတာဝန်များ ဆက်တိုက် ထမ်းဆောင်နေရသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် လုံးဝအနားမရတော့ဘဲ အကြမ်း ဖက်စစ်တပ်၏ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်တိုင်းတွင် တာဝန်ဖိစီးမှုများ ကြီးစွာ ခံစားရ လျက်ရှိကြောင်း ပြည်သူ့ရင်ခွင်ခိုလှုံလာသော စစ်သားများ၊ တိုက်ပွဲများတွင် ဖမ်းဆီးရမိသော စစ်သားများက ဆိုပါသည်။

အာဏာသိမ်းမှုဖြစ်စဉ်မတိုင်မီ ကာလများကတည်းက မြန်မာစစ်တပ်အတွင်း အထက်အောက် အခွင့်အရေးမညီမျှမှု၊ လူ့အခွင့်အရေးဆုံးရှုံးမှုနှင့် အာဏာရှင်ဆန်မှုများ ကြောင့် တပ်ပြေးများစွာရှိကြောင်း၊ အခွင့်သာလျှင် တပ်မှထွက်ရန် ဆန္ဒရှိသော ၊ ကြိုးပမ်းနေ သော စစ်သားများစွာရှိကြောင်းမှာ မြန်မာနိုင်ငံတွင် လူတိုင်းသိကြသည့် အချက်အလက်ပင် ဖြစ်သည်။ ယခု အာဏာသိမ်းမှုဖြစ်စဉ်နောက်ပိုင်းတွင် -

- ပိုမိုဖိစီးများပြားလာသော တာဝန်များ၊
- ပြည်သူလူထုတရပ်လုံး၏ တခဲနက် ဆန့်ကျင်မုန်းတီးမှု၊
- ဆွေမျိုးမိတ်ဆွေများနှင့် လူ့အဖွဲ့အစည်းပတ်ဝန်းကျင်၏ ဖယ်ကျဉ်ခံရမှု၊
- စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်များက အောက်ခြေ စစ်သည်များ၏ အသက်၊ လုံခြုံ ရေးနှင့် ဘဝကို တန်ဖိုးမထားမှု၊
- စစ်ရေးအရ ဆက်တိုက်ရှုံးနိမ့်နေမှု စသည့်အခြေအနေများကြောင့် အကြမ်းဖက်စစ်တပ်အတွင်းရှိ ဗျူဟာမှူး၊ တပ်ရင်းမှူးအဆင့်မှစ၍ အောက်ခြေအရာရှိ အကြပ်

စစ်သည်များသည် စိတ်ပိုင်းဆိုင်ရာတွင် အောက်ဆုံးအခြေသို့ ရောက်ရှိ လျက် ရှိပါသည်။

ထိုသို့ အကြမ်းဖက်စစ်တပ်အတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ကွပ်ကဲအုပ်ချုပ်မှု စသည့် ဘက်စုံ ထိခိုက်ယိုယွင်းလျက်ရှိသောအခြေအနေတွင် အာဏာသိမ်းမှုကို လက်မခံနိုင်သော စစ်သည်အမြောက်အများသည် ပြည်သူ့ပန်းတိုင်၊ ပြည်သူ့ရင်ခွင် စသည့် ကိုယ်တိုင် Civil Disobedience Movement (CDM) လုပ်လာကြသည့် တပ်မတော်သားဟောင်းများက ဦးစီးဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန နှင့်သော်လည်းကောင်း ချိတ်ဆက်ကာ အကြမ်းဖက်စစ်တပ်ကို စွန့်ခွာပြီး ပြည်သူ့ ဘက်တော်သားများအဖြစ် ဘက်ပြောင်းခံယူနေကြပါသည်။ အထက်ပါ အဖွဲ့အစည်းများကို မချိတ်ဆက်တော့ဘဲ စစ်တပ်ကို မိမိတို့ကိုယ်ပိုင်အစီအစဉ်ဖြင့် စွန့်ခွာထွက်ပြေးမှုများလည်း အများအပြားဖြစ်ပွားနေကြောင်း သိရှိရပါသည်။ ပြည်သူ့ရင်ခွင်ခိုလှုံလာသော စစ်သည်များ၏ ပြောကြားချက်များအရ မြန်မာစစ်တပ်တွင်းရှိ အောက်ခြေစစ်သည်များ၏ ၆၀% မှ ၈၀% သည် တပ်တွင်းအခြေအနေများကို လုံးဝစိတ်ပျက်လျက် ရှိပြီး မိမိနှင့်မိသားစုလုံခြုံရေး၊ ဘဝရပ်တည်ရေး အာမခံချက် တစုံတရာရှိပါက တပ်ကို စွန့်ခွာရန် အသင့်ဖြစ်နေကြသည်ဟုဆိုပါသည်။ ထိုအချင်းအရာများကြောင့် အာဏာသိမ်း ခေါင်းဆောင်များဖြစ်သော မင်းအောင်လှိုင်နှင့် စိုးဝင်းတို့ကိုယ်တိုင် နိုင်ငံတဝန်းရှိ တပ်နယ် များသို့ လှည့်လည်၍ တပ်တွင်းစည်းလုံးရေးနှင့် တပ်မပြိုကွဲရေး စည်းရုံးမှုများ ဆက်တိုက် လုပ်ဆောင်နေရလျက်ရှိပါသည်။

ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ကွပ်ကဲအုပ်ချုပ်မှုနှင့် စည်းလုံးမှုများ အဘက်ဘက်က ပျက်စီးနေသော အကြမ်းဖက်စစ်တပ်၏ တိုက်ခိုက်ရေးစွမ်းရည်သည်လည်း အနိမ့်ဆုံးသို့ ရောက်ရှိလျက်ရှိပါသည်။ ကြည်းတပ် ခြေလျင် ခြေမြန် တိုက်ခိုက်ရေးတပ်ရင်းတပ်ဖွဲ့များ၏ စစ်တိုက် လိုစိတ်နှင့် တိုက်ရည်ခိုက်ရည်တို့ များစွာလျော့ကျ အားနည်းလျက် ရှိကြောင်းလည်း မြေပြင်ကိုယ်တွေ့သတင်းများအရ သိရှိရပါသည်။ လူအင်အား လုံးဝ မလုံလောက်တော့သည့် အကြမ်းဖက်စစ်တပ်သည် ၎င်း၏ လက်ရုံးတပ်များ၊ စစ်မှုထမ်းဟောင်းများ၊ “ပျူစောထီး” ဟုခေါ်ဆိုကြသည့် လက်နက်ကိုင် အစွန်းရောက်သမားများကိုပါ အထူးအားပြု နေရသည့် အခြေအနေသို့ ရောက်ရှိလာသည်။ အကြမ်းဖက်တပ်၏ စစ်သားများသည် စစ် မြေပြင်တွင် ကြံ့ကြံ့ခံ အားထုတ်လိုစိတ်မရှိတော့ဘဲ ကိုယ်လွတ်ရုန်းရေး၊

ထွက်ပြေးရေးကို သာ လုံးပမ်းကြလေ့ရှိသည်။ ယခုအခါ အကြမ်းဖက်စစ်တပ် အနေဖြင့် ၎င်းတို့လေတပ်၏ စွမ်းပကားအင်အား၊ လက်နက်ကြီးပစ်ကူအင်အားတို့ကို သာ လုံးလုံးလျားလျား အားပြု အသက်ဆက်နေရသည်ကို လေ့လာသုံးသပ်နိုင် ပါသည်။ အကြမ်းဖက်စစ်တပ်သည် လေကြောင်း၊ လက်နက်ကြီး အကူအညီများမပါ ဘဲ စစ်ဆင်ရေးလှုပ်ရှားမှုများ မပြုလုပ်ရဲ တော့သည့်အနေအထားသို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။ လက်ရှိအချိန်တွင် တော်လှန်ရေး အင်အားစုများအပေါ် အကြမ်းဖက် စစ်တပ်၏ အားသာချက်မှာ အဆိုပါ လေကြောင်း၊ လက်နက်ကြီးနှင့် နည်းပညာမြင့် စစ်လက်နက်ပစ္စည်းများသာ ကျန်ရှိပါတော့သည်။ ထို့ကြောင့် အကြမ်းဖက်စစ်တပ် သည် ၎င်းတို့၏ တခုတည်းသော အားသာချက်အဖြစ် ကျန်ရှိ သည့် လေကြောင်း၊ လက်နက်ကြီးနှင့် နည်းပညာမြင့် စစ်လက်နက်ပစ္စည်းများကို တွင်တွင် ကျယ်ကျယ် အသုံးပြုလျက်ရှိပါသည်။ ထိုသို့ အသုံးပြုသော်လည်း ပြည်သူ့စစ် မဟာဗျူဟာ ကို စနစ်တကျ ကိုင်စွဲကျင့်သုံး၍ ခုခံစစ်ဆင်နွှဲနေသော မိမိတို့ တော်လှန်ရေးအင်အားစု များကို ထိရောက်စွာ ချေမှုန်းနိုင်ခြင်းမရှိသောကြောင့် လူနေရပ်ရွာများ၊ ဘာသာရေး အဆောက် အအုံများ၊ စစ်ရှောင်စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အကြမ်းဖက် ဖျက်ဆီးခြင်း၊ မြို့ရွာများတွင် မြေလှန်ရှင်းလင်းခြင်းများ တနေ့ထက် တနေ့ ပိုမိုဆိုးရွားစွာ ပြုလုပ်လာပါ သည်။

အာဏာသိမ်းအကြမ်းဖက် စစ်အုပ်စုသည် အထက်တွင်တင်ပြခဲ့သော စစ်ရေး အခြေ တွင်သာမက စီးပွားရေးနှင့် နိုင်ငံရေးမျက်နှာစာများတွင်လည်း ရှုံးနိမ့်လျက်ရှိ ပါသည်။ စစ် အာဏာသိမ်းပြီးနောက် စစ်တပ်နှင့် စစ်တပ်နှီးနွယ် စီးပွားရေးလုပ်ငန်း များကို ပြည်သူလူထု က သပိတ်မှောက်မှု၊ စစ်တပ်၏ အကြမ်းဖက်မှုများကြောင့် နိုင် ငံ့စီးပွားရေးရပ်တန့်မှု၊ နိုင်ငံ တကာ၏ပိတ်ဆို့မှု၊ အာဏာသိမ်းခေါင်းဆောင်များ၏ ညံ့ဖျင်းဆိုးရွားမှုများကြောင့် အာဏာ သိမ်းစစ်အုပ်စုထံ ငွေဝင်ရောက်မှုနည်းပါးလာ ပြီး နိုင်ငံတွင်း ဒေါ်လာငွေကြေးများ ရှားပါး ခြင်း၊ ကျပ်ငွေဖောင်းပွခြင်း၊ စက်သုံးဆီ မလုံလောက်ခြင်း စသည့် လူမှုစီးပွားဆိုင်ရာ အထွေထွေအကြပ်အတည်းများနှင့် လည်း ရင်ဆိုင်ရလျက်ရှိပါသည်။

လက်ရှိ အကြမ်းဖက်စစ်အုပ်စုသည် နိုင်ငံရေးကဏ္ဍတွင်လည်း မြန်မာတပ်မတော်၏

သမိုင်းကြောင်းတလျှောက် ပြည်သူလူထုထောက်ခံမှု အနိမ့်ဆုံးသို့ ကျရောက်သွားရုံသာမက အစဥ်အလာရှိ၍ အင်အားကြီးသော တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများနှင့် ဆက်ဆံရေးတွင်လည်း မျက်နှာသာမရဖြစ်နေပါသည်။ နိုင်ငံတကာရေးရာနှင့် သံခင်း တမန်ခင်းကဏ္ဍတွင်လည်း အာဏာသိမ်းစစ်အုပ်စုကို အသိအမှတ်ပြုလက်ခံသည့် နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှာ လွန်စွာနည်းပါးလျက်ရှိနေပြီး နိုင်ငံအများစုက စစ်အုပ်စုနှင့် သံတမန်ဆက်ဆံရေးများကို လျှော့ချကာ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပိုမိုနီးကပ်သော ဆက်ဆံရေးများ ပြုလုပ်လာပြီဖြစ်ပါသည်။ ခရစ် ၂၀၂၂ ခုနှစ်ကုန်တွင် အမေရိကန် ပြည်ထောင်စုအစိုးရ ပြဋ္ဌာန်းခဲ့သော အမျိုးသားကာကွယ်ရေး လုပ်ပိုင်ခွင့်ဥပဒေ (National Defense Authorization Act – NDAA) တွင် မြန်မာ့အရေးအတွက် ထည့်သွင်းဖော်ပြခဲ့ သည်ကို အားလုံးသိရှိပြီးဖြစ်သည်။ ၎င်းဥပဒေအရ အကြမ်းဖက်စစ်အာဏာသိမ်းမှုကို ကန့်ကွက်ရှုတ်ချပြီး NUG, NUCC, CRPH, PDF, EROs စသည့် တော်လှန်ရေး အဖွဲ့အစည်း များကို ပံ့ပိုးကူညီဝန်းရံသွားဖြစ်ကြောင်း တရားဝင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အနေအထားသည် တောင်ကုန်း တောင်တန်း၊ မြစ်ချောင်းအင်းအိုင် ပေါများသည်။ အနောက်ရိုးမ ခေါ် ရခိုင်ရိုးမ၊ အလယ်ရိုးမ ခေါ် ပဲခူးရိုးမနှင့် အရှေ့ရိုးမ ခေါ် ရှမ်းရိုးမ စသည့် ရိုးမကြီး (၃) ခုတို့ဖြင့် မြန်မာနိုင်ငံကို အဓိက ကျောရိုးပြု တည်ဆောက်ထားပြီး အခြားသော ဒေသအလိုက် တောင်ကုန်း တောင်တန်းများ လည်း ပေါများသည်။ ထို့အပြင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် တို့ကဲ့သို့သော အဓိကမြစ်ကြီးများကို အခြေပြုထားသလို ဒေသအလိုက် မြစ်ချောင်း အင်းအိုင်များလည်း လွန်စွာ ပေါများသည်။ ထို့အပြင် မြန်မာနိုင်ငံ လူဦးရေ၏ ၆၈% ကျော်မှာ ကျေးလက်လူဦးရေဖြစ်၍ ကျေးလက်အခြေပြုနိုင်ငံဟု ခေါ်ဆိုသတ်မှတ်နိုင်သည်။ မြန်မာ နိုင်ငံတွင် မြို့ပြဟုဆိုရာတွင်လည်း မြို့ငယ်များ၊ မြို့လတ်များသာ ပေါများသည်။ ပီပီ မြို့ကြီးပြကြီးဟုဆိုနိုင်သည်မှာ တနိုင်ငံလုံးတွင် ရန်ကုန်မြို့ မန္တလေးမြို့နှင့် အခြားသော တိုင်းနှင့်ပြည်နယ် မြို့တော်အချို့သာရှိသည်။ ဤသို့သော အခြေခံသဘာဝပေး အကြောင်း အရာများက ကျွန်ုပ်တို့ ယခု မျက်မှောက်ပြု ဆင်နွှဲနေကြသော "ပြည်သူ့စစ်မဟာဗျူဟာ" (People War Strate

gy) အတွက်လည်းကောင်း၊ ပြောက်ကျားစစ်နည်းဗျူဟာအတွက် လည်းကောင်း၊ ဘက်မညီစစ်ပွဲ (Asymmetrical Warfare) အတွက်လည်းကောင်း ကောင်းစွာ အထောက်အကူပြု၊ သဟဇာတဖြစ်နေသည်ကို တွေ့မြင်နိုင်ပါသည်။

ခရစ် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းသည့်အချိန်တွင် အကြမ်းဖက်စစ်တပ်အနေဖြင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ စိုးမိုးထိန်းချုပ် နယ်မြေများမှလွဲ၍ ကျန်မြန်မာနိုင်ငံဒေသများအားလုံးကို စိုးမိုးထိန်းချုပ်မှု အပြည့် အဝရှိခဲ့ပါသည်။

အာဏာသိမ်းအပြီးတရက်အကြာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့မှစ၍ ပြည်သူလူထုနှင့် အစိုးရဝန်ထမ်းများ၏ အကြမ်းမဖက်အာဏာဖီဆန်ရေး (Civil Disobedience Movement – CDM) လှုပ်ရှားမှုများ စတင်လာသည့်နောက်ပိုင်းတွင် စစ်အာဏာသိမ်းအုပ်စု ၏ အုပ်ချုပ်ရေးယန္တရားများ အပြည့်အဝ လည်ပတ်နိုင်ခြင်းမရှိခဲ့ပါ။ အာဏာသိမ်းစစ်အုပ်စု သည် ၎င်းတို့၏ အုပ်ချုပ်ရေးယန္တရားများကို လည်ပတ်စေရန် ကိုဗစ်-၁၉ ကပ်ရောဂါကိုပင် အရေးမမူတော့ဘဲ အပြင်းအထန် ကြိုးစားခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့ပါ။

စစ်အာဏာသိမ်းခြင်းကို ဆန့်ကျင်သည့် ပြည်သူလူထု၏ ငြိမ်းချမ်းစွာဆန္ဒပြ ထုတ်ဖော်မှုများနှင့် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုများကို စစ်အုပ်စုသည် လုံးဝ ရက်စက်ကြမ်းကြုတ်စွာ အင်အားသုံး ဖြိုခွဲ၊ ဖမ်းဆီး၊ သတ်ဖြတ်ခဲ့သည်။ ထိုသို့ နိုင်ငံတော်၏ ရန်သူဖြစ်လာသော အကြမ်းဖက်စစ်တပ်အပေါ် မြန်မာပြည်သူအားလုံးကလည်း မလွှဲမရှောင်သာတော့ဘဲ မိမိတို့အသက်အိုးအိမ်ကို ကာကွယ်ရေးအတွက် "ပြည်သူ့ခုခံ တွန်းလှန်စစ်" သို့မဟုတ် "တရားမျှတသည့်စစ်" ဖြင့် ၂၀၂၁ ခုနှစ် ၊ ဧပြီလနောက်ပိုင်းမှ စတင် ကာ အကြမ်းဖက်စစ်အုပ်စုကို ရရာလက်နက်စွဲကိုင်ပြီး အံတုရင်ဆိုင်လာကြတော့သည်။ ထိုသို့ ပြည်သူ့ခုခံတွန်းလှန်စစ် စတင်ဆင်နွှဲပြီး လအနည်းငယ်အတွင်းမှာပင် အမြင်အားဖြင့် အင်အားကြီးသယောင်ရှိသော အကြမ်းဖက်စစ်တပ်၏ စစ်ရေးအရ နယ်မြေထိန်းချုပ် စိုးမိုး နိုင်မှုသည် သိသာထင်ရှားစွာ ကျဆင်းသွားပါသည်။

မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ပြည်သူ့ခုခံတွန်းလှန်စစ်ကို စတင်

ကြောင်း ထုတ်ပြန်ကြေညာပြီးနောက်တွင် တနိုင်ငံလုံး၏ စစ်ရေး လှုပ်ရှားဆောင်ရွက်မှုများ သည် ပိုမိုအားကောင်းလာသည်။ ယနေ့အချိန်တွင် မြန်မာ့အုပ်ချုပ်ရေး နယ်မြေအခေါ်အဝေါ် အရ တနိုင်ငံလုံးရှိ အားလုံးသော "ခရိုင်" (District) များတွင် ယခုအခါ ပြည်သူ့ခုခံ တော်လှန် စစ်လှုပ်ရှားမှုများ အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်လျက်ရှိကြောင်းကို တိကျခိုင်မာစွာ ပြောဆိုနိုင်ပါ သည်။ မြို့နယ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံရှိ မြို့နယ် စုစုပေါင်း (၃၃၀) အနက် အနည်းဆုံး (၂၇၀) မြို့နယ်တွင် ခုခံတွန်းလှန်စစ် လှုပ်ရှားမှုများ စဉ်ဆက်မပြတ်ရှိနေသည်။

နယ်မြေအလိုက် ခွဲခြားသုံးသပ်ရလျှင် မူလကပင် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏ စိုးမိုးဒေသများဖြစ်သည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ယခုအခါ အကြမ်းဖက်စစ်တပ်၏ မြေပြင် ထိန်းချုပ်နိုင်စွမ်း လုံးဝမရှိသည့်အနေအထားဖြစ်ပါသည်။ အာဏာသိမ်းမှုဖြစ်စဉ်နောက်ပိုင်း ပြည်သူ့ခုခံတော်လှန်စစ်များ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာသော ကရင်နီပြည်နယ်၊ ချင်း ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသများတွင်လည်း စစ်ကောင်စီ ထိန်းချုပ်စိုးမိုးနိုင်မှုမှာ အလွန်အမင်း အားနည်းလျက်ရှိသည်။

အကြမ်းဖက်စစ်တပ်သည် မကွေးတိုင်းတွင်လည်း ပြည်သူ့ခုခံတော်လှန်စစ်ကို မရှင်းလင်းနိုင်ဘဲ တော်လှန်ရေးအင်အားစုများကသာ တစတစ စုဖွဲ့ပြင်ဆင်လှုပ်ရှားမှုများ ပိုမို အားကောင်းလာပါသည်။

ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုများကို အင်အားအလွန်အကျွံဖြင့် အကြမ်းဖက် နှိမ်နင်းခံခဲ့ရသောကြောင့် ခုခံတော်လှန်စစ်အစောပိုင်းကာလက လှုပ်ရှားမှုနည်းပါးသွားခဲ့သော ပဲခူး တိုင်းတွင်လည်း တော်လှန်ရေးအင်အားစုများသည် ၂၀၂၂ ခုနှစ် မတ်လနောက်ပိုင်းမှအစပြု၍ အခိုင်အမာ စုဖွဲ့ အခြေပြုလှုပ်ရှားနိုင်လာခဲ့ပါသည်။

မြန်မာပြည်အောက်ပိုင်း တနင်္သာရီကမ်းရိုးတန်းဒေသတွင်လည်း ၎င်းတို့၏ "အုပ်ချုပ်ရေးယန္တရားများကို အကာအကွယ်မပေးနိုင်တော့ကြောင်း" အကြမ်းဖက် စစ်ခေါင်းဆောင် များကိုယ်တိုင်က အုပ်ချုပ်ရေးအစည်းဝေးတခုတွင် ထုတ်ဖော်ဝန်ခံရသည့် အခြေအနေသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့ မန္တလေးမြို့နှင့် နေပြည်တော်ကဲ့သို့ မြို့ပြဒေသများတွင်လည်း မြို့ပြ

ပျောက်ကြား လှုပ်ရှားမှုများကြောင့် အာဏာသိမ်းစစ်အုပ်စုသည် အုပ်ချုပ်ရေး ယန္တရား များကို ၎င်းတို့စိတ်ကြိုက် လည်ပတ်နိုင်ခြင်းမရှိပါ။

ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့် အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ကောင်စီ နယ်မြေ တို့တွင်ပင် ပြည်သူ့ခုခံစစ် တော်လှန်ရေးအင်အားများကို အကြမ်းဖက်စစ်တပ်က ထိန်းချုပ် နိုင်ခြင်းမရှိသေးပါ။ ဥပမာ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေနှင့် ထိစပ် နေသော ဖယ်ခုံ မြို့နယ်သည် ခုခံတွန်းလှန်စစ် လွန်စွာ အားကောင်းလျက်ရှိသလို မန္တလေးမြို့နှင့် (၂၅) မိုင်သာ ကွာဝေးသော မတ္တရာမြို့နယ်၏ တောင်ကြောများ ပေါ်တွင် မိမိတို့ ပြည်သူ့ကာကွယ်ရေး တပ်မတော် (PDF) နှင့် အကြမ်းဖက်စစ်တပ် အကြား ထိတွေ့တိုက်ပွဲများ နေ့စဉ်ဆိုသလို ဖြစ်ပေါ်လျက်ရှိပါသည်။

လက်ရှိ (၂၀၂၂ ခု၊ နှစ်ကုန်ပိုင်း) အချိန်တွင် တနိုင်ငံလုံး မြေပြင်အနေအထားကို ယေဘုယျအားဖြင့် ခြုံငုံသုံးသပ်ရသော် အာဏာသိမ်းစစ်အုပ်စု၏ ထိန်းချုပ်နယ်မြေ နှင့် စိုးမိုးနယ်မြေ (၂) ရပ်ပေါင်း အကျယ်အဝန်းသည် တနိုင်ငံလုံးဧရိယာ၏ (၄၅%) အောက်သာ ရှိတော့မည်ဖြစ်သည်။ ဤဧရိယာမျှကိုပင် အကြမ်းဖက်စစ်တပ် အနေဖြင့် ၎င်းတို့အင်အား သက်သက်ဖြင့် စိုးမိုးထိန်းချုပ်ထားသည်မဟုတ်ဘဲ လက်ဝေခံ ပြည်သူ့စစ်များ၊ နယ်ခြား စောင့်တပ်များ၏ အကူအညီကိုရယူ၍ မနည်းပင်လုံး ပမ်းရုန်းကန်နေရသည်။ ဤအခြေအနေကို ဝါရင့်သံတမန်များ၊ ပညာရှင်များဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ အထူး အကြံပေးကောင်စီ (Special Advisory Council – Myanmar) ၊ Fortify Rights စသည့် နိုင်ငံတကာ အဖွဲ့အစည်းများကလည်း သုံးသပ်ထုတ်ပြန်ထားပြီးဖြစ်သည်။

ယခုအခါ အကြမ်းဖက်စစ်တပ်သည် နေပြည်တော်ကောင်စီ၊ မန္တလေးတိုင်း၊ ရန်ကုန် တိုင်း၊ မကွေးတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းအနောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့ကိုသာ ကောင်းမွန်စွာ စိုးမိုးနိုင်သည့် အနေအထားဖြစ်ပါသည်။ ဤဒေသများတွင်ပင်လျှင် မိမိ တို့ တော်လှန်ရေးအင်အားများက ပြောက်ကျားစစ်ရေးလှုပ်ရှားမှုများကို အခါ အားလျော်စွာ ဆင်နွှဲကြလျက်ရှိသည်။ အဆိုပါဒေသများမှအပ တိုင်းပြည်၏ကျန်ဒေသ များအားလုံးတွင် အကြမ်းဖက်စစ်တပ်သည် အခါအားလျော်စွာ စစ်ရေးလှုပ်ရှားမှု၊ စစ်ကြောင်းထိုးမှု၊ လေကြောင်းပစ်ခတ်မှုတို့သာ ပြုလုပ်နိုင်ပြီး နေ့စဉ်အခြေအနေတွင်

တော်လှန်ရေး အင်အား စုများက မြေပြင်စိုးမိုးထားနိုင်ပြီဟု ဆိုနိုင်ပါသည်။

လက်ရှိအခေါ်အဝေါ်အရ တိုင်းနယ်မြေများကို လေ့လာကြည့်ပါက စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း၊ တနင်္သာရီတိုင်းတို့သည် တော်လှန်ရေး အားအကောင်းဆုံးဖြစ်သလို မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ နယ်မြေစိုးမိုးနိုင်မှု အားအကောင်းဆုံးလည်း ဖြစ်သည်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မူးမြစ်၊ မြစ်သာမြစ် စသည့် အရေးအပါဆုံးမြစ်များ ၏ မြစ်ဝှမ်းဒေသဖြစ်သော စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့သည် မြန်မာနိုင်ငံ၏ အဓိက အကျဆုံးသော နှလုံးသားနယ်မြေ (Heartland Area) ဖြစ်သည် ။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ (Central Dry Zone) ဖြစ်သည့် ၎င်းနယ်မြေသည် ဗမာတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုစီးပွားရေး စသည့်ကဏ္ဍမျိုးစုံအတွက် အချက်အချာအကျဆုံးနှင့် အရေးအပါဆုံး နယ်မြေဒေသကြီးလည်း ဖြစ်သည်။ ၎င်းနယ်မြေသည် မြန်မာနိုင်ငံ အကျယ် အဝန်း၏ ၂၁% နီးပါးရှိပြီး လူဦးရေ ၉.၆ သန်းကျော် မှီတင်းနေထိုင်ကြသည်။

ခြုံ၍ပြောရလျှင် တနိုင်ငံလုံးတွင် အကြမ်းဖက်စစ်တပ်သည် မြို့ပြဒေသများကိုသာ ထိန်းချုပ်ထားနိုင်သည့် အနေအထားရှိပြီး ကျေးလက်ဒေသအားလုံးနီးပါးကို ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ဒေသခံ ကာကွယ်ရေးအင်အားစုများက ကောင်းစွာ "စိုးမိုး" နိုင်သည့် အနေအထားဖြစ်ပါသည်။ မြို့ငယ်၊ မြို့လတ်များတွင် အကြမ်းဖက်စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ တပ်ရင်း တပ်ဖွဲ့စခန်းများ၌သာ စုစည်းနေထိုင်ရပြီး ထိုနေရာများမှထွက်သည်နှင့် ၎င်းတို့အတွက် မလုံ ခြုံတော့သည့်အနေအထားအထိ စိုးမိုးမှုကင်းမဲ့လျက်ရှိပါသည်။ အကြမ်းဖက်စစ်တပ် အနေဖြင့် ၎င်းတို့တပ်အုတ်တံတိုင်းအပြင်၊ ရဲစခန်းအပြင်သို့ ထွက်သည်နှင့် "ရန်သူ့နယ်မြေ" (သို့မဟုတ်) "တိုက်ပွဲနယ်မြေ" များ ဖြစ်နေလေတော့သည်။

ထိုသို့ နွေဦးပြည်သူ့တော်လှန်ရေးနောက်ပိုင်း အကြမ်းဖက်စစ်အုပ်စု၏ ထိန်းချုပ်စိုးမိုးမှု လစ်ဟာနေသော နယ်မြေဒေသများတွင် မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ပြည်သူ့အုပ်ချုပ်ရေးယန္တရားများ အစားထိုး ဝင်ရောက်လျက်ရှိပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် မိမိတို့ စိုးမိုးနယ်မြေများတွင်

အခြေခံပညာရေး စာသင်ကျောင်း၊ တရားစီရင်ရေး၊ ပြည်သူ့လုံခြုံရေး စသည့် အများပြည်သူ ဝန်ဆောင်မှု လုပ်ငန်းများကို အရှိန်အဟုန်ကောင်းစွာ ထူထောင်လည်ပတ်လျက်ရှိပြီဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက စွဲကိုင်ကျင့်သုံးနေသော စစ်ရေးမဟာဗျူဟာမှာ "ပြည်သူ့စစ်မဟာဗျူဟာ" (People War Strategy) ဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စုကို လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူလူထုတရပ်လုံးက ပုံစံမျိုးစုံ၊ နည်းနာမျိုးစုံ တို့ဖြင့် ဆန့်ကျင်တွန်းလှန်ကြခြင်းဖြစ်သည်။ မိမိထက် ရုပ်ဝတ္ထုအင်အားကြီးမားသည့် ရန်သူ အား ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံး၍ တိုက်ပွဲဝင်ရာတွင် သီဝရီအရ အောက်ပါအတိုင်း အဆင့် (၃) ဆင့် ပိုင်းခြားဖော်ပြလေ့ရှိကြသည်-

အဆင့် ၁။ စစ်မဟာဗျူဟာအရ ခံစစ်ကာလ (Phase of Strategic Defense)

အဆင့် ၂။ စစ်မဟာဗျူဟာအရ တန်ပြန်ထိုးစစ်အကြိုကာလ (Phase of Strategic Equilibrium)

အဆင့် ၃။ စစ်မဟာဗျူဟာအရ တန်ပြန်ထိုးစစ်ကာလ (Phase of Strategic Counter Offensive)

လက်ရှိ ပြည်သူ့ခုခံတွန်းလှန်စစ် အခြေအနေကို သုံးသပ်ကြည့်လျှင် မိမိတို့အနေဖြင့် အဆင့် (၁) ဖြစ်သော "စစ်မဟာဗျူဟာအရ ခံစစ်ကာလ" (Phase of Strategic Defense) ကို ကျော်လွန်၍ စစ်မဟာဗျူဟာအရ တန်ပြန်ထိုးစစ်အကြိုကာလ (Phase of Strategic Equilibrium) အတွင်း ရှိနေသည်ဟု ဆိုနိုင်သည်။ တချိန်တည်းမှာပင် အဆင့် (၃) စစ်မဟာဗျူဟာအရ တန်ပြန်ထိုးစစ်ကာလ (Phase of Strategic Counter Offensive) သို့ တက်လှမ်းနိုင်ရန်လည်း အားစိုက်ပြင်ဆင်နေပြီဟု ဆိုနိုင်ပါသည်။ ထိုသို့ တက်လှမ်းနိုင်ရေးအတွက်မှာ ဘဏ္ဍာရန်ပုံငွေနှင့် ဗျူဟာမြောက် စစ်လက်နက်ပစ္စည်းများ ရရှိနိုင်မှုအပေါ် အဓိက မူတည်လျက်ရှိသည်ဟု ဆိုရပါမည်။ အကြမ်းဖက်အာဏာသိမ်း စစ်အုပ်စုသည် လောလောဆယ်အချိန်တွင် ရုပ်ဝတ္ထုအင်အား၊ နည်းပညာနှင့် စစ်ရေးအတွေ့အကြုံတို့အရ မိမိတို့ PDF တပ်မတော်ထက် များစွာသာလွန်နေသည်မှာ အရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့အတွက် ခုခံ

တွန်းလှန်စစ်မှာ လက်ရှိအချိန်တွင် "ဘက်မညီစစ်" (Asymmetrical Warfare) ဖြစ်ပါသည်။ "ဘက်မညီစစ်" ဖြစ်သည်နှင့်အညီ မိမိတို့ PDF တပ်မတော်သည် စစ်ရေးအရ "ပြောက်ကျားစစ်နည်းဗျူဟာ" ကို စနစ်တကျ ပုံဖော်ကျင့်သုံး၊ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့ခုခံတွန်းလှန်စစ် အင်အားများသည် ပြောက်ကျားစစ်နည်းဗျူဟာအရ ကျေးလက်ဒေသများကို တဖြည်းဖြည်း ပို၍ပို၍ စိုးမိုးထိန်းချုပ်ကာ အကြမ်းဖက်စစ်အုပ်စု ကို မြို့ပြဒေသများအတွင်း၌ ပိတ်ဆို့ဝန်းရံထားနိုင်ရန် ကြိုးပမ်းကြမည် ဖြစ်သည်။ "အချိန် ထု၊ နေရာ ထု၊ လူ ထု" (Depth in Time, Depth in Space, Depth in Society) တည်း ဟူသော "ထုကြီး ၃ ရပ်" ကို "အနိုင်မခံ အရှုံးမပေး" ဟူသော စိတ်ဓာတ်ဖြင့် ပေါင်းစပ်ကာ ဗျူဟာမြောက် စစ်ဆင်ဆောင်ရွက်ကြရန်ဖြစ်သည်။ လက်ရှိအချိန်တွင်လည်း PDF တပ်မတော် အပါအဝင် မိမိတို့ တော်လှန်ရေးအင်အားများက စိုးမိုးနိုင်သည့် နေရာဒေသများ၊ အထူးသဖြင့် ကျေးလက်ဒေသများစွာ ပေါ်ထွန်းလာပြီးဖြစ်သည်။ ထို့အတူ တနိုင်ငံလုံး အကျယ်အပြန့် အနှံ့အပြားတွင်လည်း စစ်ရေးလှုပ်ရှားမှုများ စနစ်တကျ ဖော်ဆောင်နိုင်ပြီး ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ပြများတွင်ပင် "မြို့ပြပြောက်ကျား" လှုပ်ရှားမှုများကို ဆင်နွှဲ လျက်ရှိသည်။

တပ်မတော်ကဲ့သို့သော အဖွဲ့အစည်းတိုင်းအတွက် လိုအပ်ချက်ကို M သုံးလုံး (Three M-s) ဟု ဆိုလေ့ရှိကြသည်။ ၎င်းတို့မှာ-

၁။ Man - လူအင်အား

၂။ Material - ရုပ်ဝတ္ထုပစ္စည်း

၃။ Money - ဘဏ္ဍာရန်ပုံငွေ တို့ဖြစ်သည်။

ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့် ခုခံတွန်းလှန်စစ်အတွက်ဆိုရသော် "လူအင်အား" (Man) မှာ လိုတာထက်ပင် ပို၍ ပြည့်စုံလုံလောက်ပြီးဖြစ်သည်ဟု ဆိုနိုင်သည်။ မိမိတို့ အတွက် လိုအပ်ချက်များမှာ နောက် M နှစ်လုံးဖြစ်သော "ရုပ်ဝတ္ထုပစ္စည်း" (Material) နှင့် "ဘဏ္ဍာရန်ပုံငွေ" (Money) တို့ပင်ဖြစ်သည်။ ဤလိုအပ်ချက်နှစ်ခုမှာလည်း တခုနှင့်တခု ပတ်သက်ချိတ်ဆက်မှု ရှိပါသည်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့် ပြည်သူ့ခုခံ တွန်းလှန်စစ်တစုံလုံးအတွက် အဓိကအကျ

ဆုံး ရုပ်ဝတ္တုပစ္စည်းလိုအပ်ချက်ကို ပြောပါ ဆိုလျှင် "လက်နက်ခဲယမ်းမီးကျောက်" ပင် ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် တနိုင်ငံလုံးတွင် အင်အား သိန်းဂဏန်းများ စွာရှိသော PDF နှင့် မြို့နယ်ပြည်သူ့ကာကွယ်ရေး အဖွဲ့ဝင်များကို လူတိုင်းစေ့ "ခေတ်မီမောင်းပြန်သေနတ်" တပ်ဆင်နိုင်ရန်မှာ ဖြစ်နိုင်ချေ နည်းပါးကြောင်း သဘောပေါက်နားလည်ပါသည်။ သို့သော် မိမိတို့အတွက် အနည်းဆုံး လိုအပ်ချက်ဖြစ် သော မောင်းပြန်သေနတ်နှင့် ကျည်ပမာဏအထိ ရရှိရန်ပင် များစွာ အခက်အခဲဖြစ်နေ ရပါသည်။ ဤအတွက် အဓိက အခက်အခဲများမှာ ငွေကြေးရရှိနိုင်မှု အကန့်အသတ်၊ လိုအပ်သည့် လက်နက်အရေအတွက်ထိ မရနိုင်ခြင်း၊ ဈေးနှုန်းအဆမတန် ကြီးမြင့်ခြင်း၊ သယ်ယူပို့ဆောင်ရေး အခက်အခဲများနှင့် မတော်တဆ ပြန်းတီးဆုံးရှုံးမှုများပင် ဖြစ်သည်။ ထို့ကြောင့် "လက်နက်ခဲယမ်းမီးကျောက်" လိုအပ်ချက်မှာ "ဘဏ္ဍာရန်ပုံငွေ" လိုအပ်ချက်နှင့်လည်း ချိတ်ဆက်လျက်ရှိပါသည်။

ထို့အပြင် အကြမ်းဖက်စစ်အုပ်စု၏ အဓိကအားထားရာဖြစ်သော လေကြောင်းတိုက်ခိုက် မှု များနှင့် လေကြောင်းသုံးစွဲမှုကို ပြန်လည်တုံ့ပြန်နိုင်ရေးအတွက် "လေကြောင်းရန် ကာ ကွယ် ရေး ဗျူဟာမြောက် စစ်လက်နက်" များ လိုအပ်မည်ဖြစ်သည်။ တိုက်ပွဲကြီးများ ဖော်ဆောင် ရာတွင် အသုံးပြုရန်နှင့် ထိန်းချုပ်နယ်မြေများကို ကာကွယ်နိုင်ရေးတို့ အတွက် "တင့်ဖျက် လက်နက်များ"၊ “မမ” လက်နက်ကြီးများ၊ RPG၊ စက်လက်၊ စက်ကလေး၊ အမြောက်၊ ဒုံး စသည့် ချေမှုန်းရေးလက်နက်များလည်း လိုအပ်လျက်ရှိ သည်။

အဖွဲ့အစည်း (Institution) သဘောအရ ခိုင်မာပြီး တိုင်းပြည်ကို နှစ်ပေါင်းများစွာ အုပ်ချုပ် လာခဲ့သော မြန်မာစစ်တပ်ကို စစ်ရေးနည်းလမ်းဖြင့် အနိုင်ယူရန်မဖြစ်နိုင် ကြောင်း ပြည်သူ့ ခုခံတွန်းလှန်စစ် စတင်သည့်ကာလများက ပြည်တွင်းပြည်ပ ပညာရှင် အချို့ နိုင်ငံရေးသမား အချို့က သုံးသပ်ကြသည်။ လက်ရှိအချိန်ထိလည်း ပြည်သူ့ခုခံ တွန်းလှန်စစ်အပေါ် လျှော့တွက်သူများ (သို့မဟုတ်) အကြမ်းဖက်စစ်အုပ်စု၏ စွမ်းရည် ကို (အရှိတရားထက်ပို၍) အထင်ကြီးသူများ များစွာရှိနေကြဆဲဖြစ်သည်။ မိမိတို့ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အထက်ဖော်ပြပါ အမြင်ကွဲလွဲမှုများအပေါ် အပြော ဖြင့်မဟုတ်ဘဲ အလုပ်ဖြင့် သက်သေပြနိုင် ရန်သာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်အထိ ဖြစ်ပေါ်နေသော မြေပြင်နှင့် နိုင်ငံရေး အခြေအနေအရပ်ရပ် အပေါ် သုံးသပ်ချက်အနေဖြင့် အောက်ပါအတိုင်း ကောက်နှုတ်ဖော်ပြနိုင်သည် -

■ အကြမ်းဖက်စစ်အုပ်စုသည် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အုပ်ချုပ်ကွပ်ကဲမှု၊ တိုက်ခိုက်လို စိတ်နှင့် စွမ်းဆောင်ရည် စသည့် ကဏ္ဍစုံတွင် ချွတ်ခြုံကျ အားနည်းလျက်ရှိသည်၊

■ အကြမ်းဖက်စစ်အုပ်စုသည် နေ့စဉ်နှင့်အမျှ လျော့ပါးပြုန်းတီးနေသော ၎င်းတို့၏ စစ်အင်အားကို အလျင်မီအောင် ပြန်လည်ဖြည့်တင်းနိုင်မှု မရှိချေ၊

■ အကြမ်းဖက်စစ်အုပ်စုသည် လေကြောင်း၊ လက်နက်ကြီးနှင့် နည်းပညာမြင့် စစ် လက်နက်ပစ္စည်းအချို့မှလွဲ၍ မိမိတို့ ခုခံရေးအင်အားများအပေါ် စစ်ရေးအရ အရေးသာမှု သိသာစွာ မရှိတော့ချေ။

■ မြန်မာစစ်တပ်နှင့် ၎င်းတို့၏ အမာခံများကြားမှာပင် အာဏာသိမ်း စစ် ခေါင်းဆောင်များသည် ညံ့ဖျင်းသူများ၊ ကိုယ်ကျိုးရှာ အခွင့်အရေးသမား ဖြစ်သည် ဆိုသည်ကို ပို၍ပို၍ ထင်ရှားသိမြင်လာကြသည်၊

■ အကြမ်းဖက်စစ်အုပ်စုအပေါ် နိုင်ငံတကာ၏ တရားဝင် ထောက်ခံမှုသည် အလွန် အားနည်းနေပြီး ရှေ့ဆက်လည်း ပိုဆိုးဖို့သာရှိသည်၊

■ မိမိတို့ PDF တပ်မတော်နှင့် တော်လှန်ရေးအင်အားများသည် အင်အား၊ စိတ်ဓာတ်၊ စွမ်းရည်၊ ရုပ်ဝတ္ထုပိုင်း စသဖြင့် ကဏ္ဍအားလုံးတွင် ပုံမှန်တိုးတက် ဖြစ်ထွန်းနေသည်၊

■ မြေပြင်တွင် အကြမ်းဖက်စစ်တပ်၏ နယ်မြေ စိုးမိုးထိန်းချုပ်နိုင်မှုများမှာ နေ့စဉ် နှင့်အမျှ လျော့နည်းလာနေသည်၊

■ အရေးပါသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း အများအပြားသည် ပြည်သူ့ခုခံတွန်းလှန်စစ်တွင် ဦးဆောင်ပါဝင်နေကြသလို နောက်ထပ် ပါဝင်နိုင်ခြေ ရှိသည့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများလည်း ရှိနေသေးသည်၊

■ ပြည်သူလူထုသည် ယနေ့ချိန်တိုင် တော်လှန်ရေးကို နည်းလမ်းမျိုးစုံဖြင့် ပူးပေါင်း ပါဝင်၊ အားပေးထောက်ခံနေကြသည်၊

■ နိုင်ငံတကာကလည်း အကြမ်းဖက်စစ်အုပ်စုကို စီးပွားရေးပိတ်ဆို့ဒဏ်ခတ် အရေး ယူခြင်းအပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဖိအားပေးနေသည်၊

ထို့အတွက်ကြောင့် အကြမ်းဖက်စစ်အုပ်စုအနေဖြင့် စစ်ရေးအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ အဘက်ဘက်က အရေးနိမ့်နေပြီး ၎င်းတို့၏ သမိုင်းတလျှောက် အဆိုးဝါးဆုံးသော အခြေအနေကို ရင်ဆိုင်နေရသည်မှာ သိသာလှသည်။ အကြမ်းဖက်စစ်အုပ်စုအတွက် လက်ရှိ အထွေထွေအကြပ်အတည်းမှာ ရှေ့ဆက်လည်း ပြေလည်နိုင်ဖွယ်မရှိသည့်အပြင် ပိုမို ဆိုး သထက် ဆိုးသွားဖို့သာရှိသည်။ တပြိုင်နက်တည်းမှာပင် အနာဂတ်တွင် အမျိုးသားညီညွတ် ရေးအစိုးရ (NUG) ဦးဆောင်သည့် ပြည်သူ့ခုခံတွန်းလှန်စစ်နှင့် ပြည်သူ့တော်လှန်ရေး အင်အားစုများသည် စစ်ရေး၊ နိုင်ငံရေးအရ ပို၍ထင်ရှားစွာ အလေးသာမှုများ ဖြစ်ပေါ်လာ မည်ဖြစ်သည်။

စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတကာအရေးတို့တွင် အဘက်ဘက်က အခြေယိုင်နေ ပြီဖြစ်သော အာဏာသိမ်းစစ်ခေါင်းဆောင်များသည် ၎င်းတို့၏ တခုတည်းသောထွက်ပေါက် အဖြစ် တရားမဝင်၊ အတုအယောင် "ရွေးကောက်ပွဲ" ကို မဖြစ်ဖြစ်အောင် မသမာသည့် နည်းလမ်းမျိုးစုံဖြင့် လုပ်ကြံဖော်ဆောင်လိမ့်မည်ဖြစ်ပါသည်။ သို့သော်လည်း ပြည်သူအားလုံးက ငြင်းဆန်ကြမည်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အောက်က အဆိုပါ ရုပ်ပြရွေးကောက်ပွဲသည် အာဏာသိမ်းစစ်ခေါင်းဆောင်များ လိုအပ်နေသော နိုင်ငံ ရေးထွက်ပေါက်တခု ဖြစ်လာနိုင်မည်မဟုတ်ပါ။ ထို့အပြင် အနာဂတ်တွင် မြန်မာပြည်သူ လူထု၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် မဟာမိတ်အဖွဲ့အစည်းများ ဦးဆောင်သော တော်လှန်ရေးအင်အားက နိုင်ငံ၏ ဒေသအများစုကို ပို၍ပို၍ စိုးမိုးထိန်းချုပ်လာနိုင်မည်နှင့် အညီ အကြမ်းဖက်စစ်အုပ်စု၏ နေဝင်ချိန်ကျဆုံးခန်းကို ရှုမြင်ရတော့မည်သာဖြစ်သည်။

ယခုကဲ့သို့ အဘက်ဘက်က အထွေထွေအကျပ်အတည်းပေါင်းစုံ ဆိုက်ရောက်နေသော အကြမ်းဖက်စစ်အုပ်စုကို မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရနှင့် မဟာမိတ်အင်အားစု များက အားကုန်စိုက် တိုက်ပွဲဝင်ကြရမည့်အချိန် ကျရောက်လာပြီဖြစ်သည်။ ယခုအခါ အမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ မဟာမိတ်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ “တနှစ်စီမံချက်” (One Year Plan) ကို ရေးဆွဲချမှတ်၊ အကောင်အထည်ဖော်လျက်ရှိသည်။

သို့ပါ၍ ယခုကာလကို တော်လှန်ရေး အဆုံးသတ်တိုက်ပွဲ၏ အဆုံးအဖြတ်ကာလ အဖြစ် မှတ်ယူပြီး စုပေါင်းညီညွတ်မှု၊ စုပေါင်းအင်အားဖြင့် အားလုံးပုံအော အစွမ်းကုန် ရုန်းကန် တိုက်ပွဲဝင်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းလျက် နိဂုံးချုပ်အပ် ပါသည်။



ကျေးဇူးတင်ပါတယ်

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားညီညွတ်ရေးအစိုးရ
# ကာကွယ်ရေးဝန်ကြီးဌာန
# ပြည်သူ့ကာကွယ်ရေးကဏ္ဍ အခြေပြ
# (State of People’s Defense)

